ကြေးမုံ
The Mirror
၁၃၇၀ ပြည့်နှစ်၊ နတ်တော်လပြည့်ကျော် ၉ ရက်၊ တနင်္ဂနွေနေ့၊ (21-12-2008) (၅၇၉၉)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

## တက်ရောက်ချီးမြှင့်

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ ကျင်းပသည့် တပ်မတော် နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲ အခမ်းအနားသို့ တက်ရောက် ချီးမြှင့်စဉ်။** (သတင်းစဉ်)

နေပြည်တော်　ဒီဇင်ဘာ　၂၀

**တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) ကျောင်းဆင်းဂုဏ်ပြုညစာစားပွဲ အခမ်းအနားကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၅ နာရီခွဲတွင် မန္တလေးတိုင်း ပြင်ဦးလွင်မြို့ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းတန်းပေါင်းစီကွင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်ချီးမြှင့်သည်။**

### တက်ရောက်

အဆိုပါ ကျောင်းဆင်း ဂုဏ်ပြုညစာစားပွဲအခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ညဏ်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယ ဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ကာကွယ် ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ် အုန်းမြင့်၊ ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်၊ စစ်ရေးချုပ် ဒုတိယ ဗိုလ်ချုပ်ကြီး သူရမြင့်အောင်၊ တပ်မတော်စစ်ဆေးရေး အရာရှိချုပ် ဗိုလ်ချုပ်သိန်းထိုက်၊ စစ်ရာထူးခန့်ချုပ် ဗိုလ်ချုပ် ဆန်းဆင့်၊စစ်ဥပဒေချုပ် ဗိုလ်ချုပ် စိုးမောင်၊ ကာကွယ်ရေးဝန်ကြီး ဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်လှိုင်၊ တပ်မတော်လေ့ကျင့် ရေး အရာရှိချုပ် ဗိုလ်ချုပ်လှငွေး ဝင်း၊ တိုင်းမှူးများ၊ အစိုးရအဖွဲ့- အဖွဲ့ဝင် ဝန်ကြီးများ၊တပ်မတော် အရာရှိကြီးများ၊ ဒုတိယဝန်ကြီး များ၊ မန္တလေးမြို့တော်ဝန်၊ နိုင်ငံတော် အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန် ရှိပုဂ္ဂိုလ်များ၊ ပြင်ဦးလွင်တပ်နယ် မှူးနှင့် ပြင်ဦးလွင်တပ်နယ် မှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နည်းပညာတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိ ချုပ်နှင့် ဗိုလ်လောင်းတပ်ရင်းများ မှ တပ်ရင်းမှူးများ၊ ပါမောက္ခ/ ဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းဆင်းအရာရှိများနှင့် ၎င်း တို့၏ မိဘဆွေမျိုးများ တက် ရောက်ကြသည်။ (သတင်းစဉ်)



### နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေးနှင့် တရား ဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက် စုံ ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ် ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွား ရေး ဖွံ့ဖြိုးတိုးတက်အောင် တည် ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံ တော်နှင့် တိုင်းရင်းသားပြည်သူ တို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး နှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက် မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင် ရေးနှင့် ပညာရည်မြင့်မားရေး

### ယနေ့ ကြေးမုံ ဆောင်းပါးအညွှန်း

ကမ္ဘာ့ခေါင်းဆောင်တွေဟာ စားနပ်ရိက္ခာဖူလုံမှုအပေါ် ကြီးထွားလာတဲ့ ခြိမ်းခြောက်မှုတွေကို နှစ်အတန်ကြာကတည်း က သတိထားမိကြပြီးဖြစ်ပါတယ်။ မကြာသေးမီက ဒီလို ကြီးထွားလာတဲ့ အန္တရာယ်တွေကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် ခြေလှမ်းတွေ စတင်လိုက်ပါတယ်။

(ဘာသာပြန်ဆောင်းပါး)　　စာမျက်နှာ-၆

အတည်ပြုချိန် ၁း၀၀

ကြေးမုံ
The Mirror

၂၁-၁၂-၂၀၀၈
(တနင်္ဂနွေနေ့)

# သိပ္ပံနှင့်နည်းပညာရပ်များ မပြတ်ဆည်းပူးလေ့လာ အတတ်ပညာစွမ်းပကားဖြင့် ခေတ်မီတပ်မတော်တည်ဆောက်

တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၁၁) သင်တန်းဆင်းဂုဏ်ပြု စစ်ရေးပြအခမ်းအနားကို ဒီဇင်ဘာလ ၁၉ ရက်နေ့က ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ် စစ်ရေးပြကွင်း၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အင်ဂျင်နီယာခေါင်းဆောင်ငယ်များအား မိန့်ခွန်းပြောကြားရာတွင် **"'အင်ဂျင်နီယာစွမ်းပကားတပ်မတော်အား' ဆိုတဲ့ ဆောင်ပုဒ်နဲ့ အညီ တို့တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်တဲ့ နေရာမှာ ရဲဘော်တို့ရဲ့ အတတ်ပညာ စွမ်းပကားတွေကို ထိထိရောက်ရောက် အသုံးချနိုင်အောင် ကြိုးစားကြပါ။ စက်မှုနိုင်ငံတော် တည်ဆောက်ရေးအတွက် အားထားရတဲ့ ပညာရှင်တွေဖြစ်လာအောင် တိုးတက်ပြောင်းလဲလာတဲ့ ခေတ်မီသိပ္ပံပညာရပ်တွေကို စဉ်ဆက်မပြတ် ဆည်းပူးလေ့လာသွားကြပါ"**ဟူ၍ မှာကြားသည်။

မျက်မှောက်ကမ္ဘာတွင် သိပ္ပံနှင့်နည်းပညာရပ်များ ထွန်းကားလျက်ရှိရာ နိုင်ငံတော်ကို အကြွင်းမဲ့ကာကွယ်နိုင်ရေးအတွက် ခေတ်မီတပ်မတော်ကို တည်ဆောက်လျက်ရှိသည်။ စွမ်းရည်ထက်မြက်မြင့်မားသည့် ခေတ်မီတပ်မတော်အတွက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးလျက်ရှိရာတွင် တပ်မတော်နည်းပညာတက္ကသိုလ်သည် တစ်ခုအပါအဝင်ဖြစ်သည်။

ယနေ့အချိန်အခါတွင် စစ်ဘက်သိပ္ပံနှင့် နည်းပညာရပ်များ တစ်နေ့ထက်တစ်နေ့ တိုးတက်ဆန်းသစ်လာလျက်ရှိရာ စစ်ဘက်အင်ဂျင်နီယာခေါင်းဆောင်ငယ်များအနေဖြင့် စစ်ဘက်သိပ္ပံပညာရပ်များနှင့် ခေတ်မီလက်နက်၊ ယာဉ်၊ ယန္တရားများကို ကျွမ်းကျင်စွာကိုင်တွယ်အသုံးပြုနိုင်ရေး အမြဲမပြတ် ဆည်းပူးလေ့လာနေကြရမည်ဖြစ်သည်။

တပ်မတော်အင်ဂျင်နီယာခေါင်းဆောင်ငယ်များသည် စစ်ရေး၊ စည်းရုံးရေး၊ အုပ်ချုပ်ရေး စွမ်းရည်သုံးရပ်ပြည့်စုံနေစေရေး အားထုတ်ကြိုးပမ်းရင်း စိတ်ရင်းစေတနာကောင်းဖြင့် မိမိတပ်ဖွဲ့ကောင်းကျိုးကို အစဉ်သယ်ပိုးဆောင်ရွက် နေကြရမည်ဖြစ်သည်။ တစ်ချိန်တည်းတွင် တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ကူညီ ဆောင်ရွက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်ကာကွယ်ရေးတာဝန် ထမ်းဆောင်ကြမည့်တပ်မတော်အင်ဂျင်နီယာခေါင်းဆောင်ငယ်များအနေဖြင့် စိတ်ဓာတ်မွန်မြတ်၊ စည်းကမ်းကောင်းမွန်သည့် တပ်မတော်၏ အစဉ်အလာကောင်းများနှင့် အညီ အတတ်ပညာရှင် သားကောင်းရတနာများအဖြစ် ကြိုးပမ်းအားထုတ်ရင်း ခေတ်မီတပ်မတော် တည်ဆောက်ရေးတွင် ပါဝင်စွမ်းဆောင်သွားနိုင်ကြမည် ဖြစ်ပါသည်။ ။

## ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

# နယ်စပ်ဒေသ အိမ်တွင်းမှုသင်တန်းကျောင်းများ သင်တန်းများဖွင့်

ရန်ကုန် ဒီဇင်ဘာ ၂၀

**နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန တနင်္သာရီတိုင်း မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၅၀)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ်(၂၁) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသူ ၂၆ ဦး တက်ရောက်ခဲ့သည်။**

ထို့အတူ ကရင်ပြည်နယ် ဘားအံမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်းအမှတ်စဉ်(၁၉)၊ အဆင့်မြင့် စက်ချုပ်သင်တန်း အမှတ်စဉ်(၁၆) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဇော်မင်း တက်ရောက်အမှာစကား ပြောကြားပြီး သင်တန်းသူ ၄၃ဦး တက်ရောက်ခဲ့သည်။ အလားတူ ကယားပြည်နယ် လွိုင်ကော်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၏ အခြေခံအိမ်တွင်းမှုသင်တန်း အမှတ်စဉ်(၄၃)၊ အဆင့်မြင့်စက်ချုပ်သင်တန်း အမှတ်စဉ် (၂၂) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၁၅ ရက်တွင် သင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဗိုလ်မှူးချုပ်ဝင်းမြင့်တက်ရောက်အမှာစကားပြောကြားပြီး သင်တန်းသူ ၆၂ ဦး တက်ရောက်ခဲ့သည်။

ထို့အတူ ကချင်ပြည်နယ် ဗန်းမော်၊ ပူတာအို၊ ဒွန်ဘန်၊ ဒေါ့ဖုန်းယန်၊ ကရင်ပြည်နယ် မြဝတီ၊ မွန်ပြည်နယ် မုဒုံ၊ ရေး၊ ရခိုင်ပြည်နယ် မောင်တော၊ မကွေးတိုင်း ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်၊ ဆိပ်ဖြူမြို့များရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၏ သင်တန်းဖွင့်ပွဲကိုလည်း သက်ဆိုင်ရာ သင်တန်းကျောင်းအသီးသီးတွင်ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အထောက်အကူပြု အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကြီး နေပြည်တော်၌ ကျင်းပမည်

နေပြည်တော် ဒီဇင်ဘာ ၂၀

**နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ၏စီစဉ်မှုဖြင့် ဒုတိယအကြိမ် နေပြည်တော် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းထိန်းသိမ်းရေး အထောက်အကူပြု အသိပညာပေးပြပွဲ၊ ပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၂၆ ရက်မှ ၃၁ ရက်အထိ နေပြည်တော် ပျဉ်းမနား အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။**

နေပြည်တော်နှင့် အနီးတစ်ဝိုက်ရှိ မြို့၊ ရွာ ကျေးလက်များမှ ဒေသခံပြည်သူများ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် အသိပညာ ဗဟုသုတများ တိုးတက်မြင့်မားလာရေး၊ ယာဉ်နှင့်လမ်း အသုံးပြုသူများ သတ်မှတ်ဥပဒေနှင့် အညီ ထုတ်ပြန်ပြဋ္ဌာန်းထားသည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာနိုင်မှု တိုးတက်မြင့်မားလာစေရေးတို့အတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ပြီး ယင်းပြပွဲကြီးတွင် ဌာနဆိုင်ရာများမှ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့်ပတ်သက်သည့် ပညာပေးပြခန်းများ၊ အခြားအသိပညာ၊ ဗဟုသုတရရှိစေမည့် ပြခန်းများ၊အရောင်းပြခန်းများပါဝင်ပြသ ရောင်းချကြမည်ဖြစ်သည်။

### တင်ဆက်ပြသ

ထို့အပြင် ပြပွဲကျင်းပစဉ်အတွင်း နေပြည်တော် ပျဉ်းမနား၊ နေပြည်တော် လယ်ဝေး၊ နေပြည်တော် တပ်ကုန်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ပတ်သက်သည့် ဉာဏ်စမ်း၊ ရုတ်ခြည်းမေးခွန်းများ ယှဉ်ပြိုင်ဆုချီးမြှင့်ခြင်း၊ ပြပွဲရက်များအတွင်း အများပြည်သူ အခမဲ့ကြည့်ရှုနိုင်သည့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အငြိမ့်ပွဲများ၊ အခြား ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ် တင်ဆက်ပြသသွားမည် ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

# အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ဇလွန်မြို့အခြေခံပညာအထက်တန်းကျောင်းကြီး၏ (၃၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၃၁ ရက် (ဗုဒ္ဓဟူးနေ့)တွင် ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲသို့ အငြိမ်းစားဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ဆက်သွယ်လှူဒါန်းလိုပါက ဦးမောင်မောင်ဝင်း ဖုန်း-၀၁-၃၇၁၄၅၀၊ ၀၉ ၅၀၀၃၃၁၆၊ ဦးရန်နိုင်ဦး ဖုန်း-၀၄၄-၃၅၀၈၈၊ ဦးနိုင်ဦး ဖုန်း- ၀၄၄-၃၅၁၆၁၊ ဦးဝင်းလွင်အောင် ဖုန်း- ၀၄၄-၃၅၃၈၇၊ ဦးစိုးပိုင် ဖုန်း- ၀၄၄-၃၅၀၇၇၊ ဦးဖုန်းဇော် ဖုန်း- ၀၄၄-၃၅၄၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)





# မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ရန်ကုန်တိုင်းအသင်းရုံး ဖွင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ရန်ကုန်တိုင်းအသင်းရုံးဖွင့်ပွဲကို ဒီဇင်ဘာ ၁၇ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ်ရွှေဘုံသာလမ်း အမှတ်(၆၂/၆၈)ပထမထပ်၌ကျင်းပရာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း တွဲဖက်အတွင်းရေးမှူး ဦးမောင်ကို(ထာဝရကုမ္ပဏီလီမိတက်)က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ရန်ကုန်တိုင်း ဥက္ကဋ္ဌ ဦးဘသန်း( BTရွှေသန့်စင်လုပ်ငန်း)က အသင်းဖြစ်ပေါ်ဖွဲ့စည်းမှုကို ရှင်းလင်းပြောကြား၍ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့် (ရွှေမြင်းပျံရွှေသန့်စင်လုပ်ငန်း)က အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)** မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ရန်ကုန်တိုင်းအသင်းရုံး၌ ရွှေနှင့်သက်ဆိုင်သည့် ရောင်းဝယ်ဖောက်ကားကြသော ကုန်သည်များနှင့် လုပ်ငန်းရှင်များသည် တစ်နေရာတည်းတွင် စုဝေး၍ အရောင်းအဝယ်ပြုလုပ်ကြမည်ဖြစ်သည်။

ထို့အပြင် ရွှေကုန်သည်များနှင့် ရွှေလုပ်ငန်းရှင်များအနေဖြင့် ရန်ကုန်တိုင်းအသင်းသို့ အသင်းဝင်အဖြစ် လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



# ထွန်းဖောင်ဒေးရှင်းဘဏ်၏ ၂၀၀၈ ခုနှစ် အကောင်းဆုံးပန်းချီဆု ချီးမြှင့်ပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ထွန်းဖောင်ဒေးရှင်းဘဏ်က စီစဉ်ကျင်းပပြီးမြန်မာနိုင်ငံရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)က ပါဝင်ကူညီသည့် Tun Foundation Bank Best Paintings of the Year 2008 ပြပွဲ၊ ပြိုင်ပွဲ၏ ဆုပေးပွဲအခမ်းအနားကိုရန်ကုန်မြို့ ရန်ကင်းမြို့နယ် စည်ပင်လမ်းသစ်ရှိ မြန်မာနိုင်ငံဘဏ်များအသင်း အဆောက်အအုံ ဇမ္ဗူရစ်ရွှေစင်ခန်းမ၌ ဒီဇင်ဘာ ၁၈ ရက် မွန်းလွဲ ၃နာရီက ကျင်းပရာ အဖွင့်အမှာစကားကို ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းက ပြောကြားသည်။

ဆက်လက်၍ ထွန်းဖောင်ဒေးရှင်းဘဏ်မှ မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များအစည်းအရုံး (ဗဟို)အတွက် ရန်ပုံငွေကျပ် ၁၀ သိန်း ပေးအပ်လှူဒါန်းရာ ဘဏ်တွဲဖက်အုပ်ချုပ်မှုဒါရိုက်တာ ဦးရွှေလှက ပေးအပ်ပြီး အစည်းအရုံးဥက္ကဋ္ဌ ပန်းချီဆရာကြီး ဦးသောင်းဟန်က လက်ခံရယူသည်။ ဆုရသူများ၏စာရင်းကို အစည်းအရုံးအတွင်းရေးမှူး ဦးကြည်ဝင်း (TO-DAY) က ကြေညာရာ ပထမဆုကို နီပိုဦး၏"ဆီမီးခွက်အက" ပန်းချီကားဖြင့် ပထမဆု ကျပ်သိန်း ၃၀ နှင့် ရွှေစင်ငါးမူးသားကို ဆွတ်ခူးရရှိသွားသည်။ ဒုတိယဆု ငွေသားကျပ် ၂၅ သိန်းနှင့် ရွှေစင်ငါးမူးသားကို "ရဟန်းတော်" အမည်ရှိ ပန်းချီကားဖြင့် ပန်းချီဆရာ အောင်မြင်ဘော်က ရရှိသွားသည်။

"အမရပူရရဲ့ နံနက် ၁၀:၃၀ နာရီ" အမည်ရှိ ဆွမ်းလောင်းနေသောပန်းချီကားဖြင့် ပန်းချီဆရာအောင်ဆင့်က တတိယဆု ကျပ်သိန်း ၂၀ နှင့် ရွှေစင်ငါးမူးသားကို ရရှိသွားသည်။

စတုတ္ထဆု ကျပ် ၁၅ သိန်းနှင့် ရွှေစင်ငါးမူးသားကို "ဘုရားဖူးသူများ" အမည်ရှိ ပန်းချီကားဖြင့် ပန်းချီဆရာတူးတူး (ထားဝယ်)က ရရှိသွားပြီး အထူးဆု ကျပ် ၁၀သိန်းနှင့် ရွှေစင်ငါးမူးသားကို Mမြတ်မင်း၊ မောင်ကျော်ခေါင်၊ ရဲအောင်မြတ်၊ K ကျော်၊ M ဟန်အေးနှင့် စန်းယဉ်တို့က ရရှိခဲ့ရာ ထွန်းဖောင်ဒေးရှင်းဘဏ်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် တာဝန်ရှိသူများက ဆုများကို အသီးသီးချီးမြှင့်ခဲ့ကြသည်။ **(အပေါ်ဝဲပုံ)** (ကြေးမုံ)





မြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) အလုပ်အမှုဆောင်များ အား အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

မြန်ကြားရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# အမျိုးသား အကျိုးစီးပွားနှင့် ဂီတလောကသားများ၏ အကျိုးအတွက် အစဉ်ရပ်တည်သည့် လုပ်ဆောင်ချက်များအဖြစ် ဆက်လက်အကောင်အထည်ဖော်

## ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မြန်မာနိုင်ငံဂီတအစည်းအရုံး(ဗဟို) အလုပ်အမှုဆောင်များအား တွေ့ဆုံမှာကြား

ရန်ကုန် ဒီဇင်ဘာ ၂၀

**ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် ယနေ့ နံနက် ၉နာရီ မိနစ် ၄၀တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို) အလုပ်အမှုဆောင်များနှင့် တွေ့ဆုံသည်။**

အဆိုပါ တွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ၊ ဂီတအလွှာအသီးသီးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ရှေးဦးစွာ မြန်မာနိုင်ငံ ဂီတအစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးမောင်မောင်လတ်နှင့် အတွင်းရေးမှူး ဦးကိုကိုလွင်တို့က ပြန်ကြားရေးဝန်ကြီးဌာနက ညွှန်ကြားချမှတ်ပေးထားသော မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ ရည်ရွယ်ချက် (၄)ရပ်နှင့် အခြေခံလုပ်ငန်းစဉ် (၈)ရပ်တို့အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေများ၊ ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့် စပ်လျဉ်း၍ ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက ဆွေးနွေးညှိနှိုင်း ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဝန်ကြီးက မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ လုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများ၊ ဂီတအစည်းအရုံးနှင့် ဂီတလောကသားများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်မှုများတွင် တွေ့ကြုံရသည့် အခက်အခဲများကို ပေါင်းစပ်ညှိနှိုင်း အဖြေရှာပြီး ပံ့ပိုးဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ ဂီတအစည်းအရုံးသည် မိမိလောကသားများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရင်း တိုင်းပြည်နှင့်လူမျိုးအကျိုးအတွက် လိုအပ်သည့်အခါတိုင်း အမျိုးသား အကျိုးစီးပွားဘက်ကရပ်တည်၍ ဝိုင်းဝန်းပူးပေါင်း ပံ့ပိုးဆောင်ရွက်ခဲ့ကြသည်ကိုလည်း အသိအမှတ်ပြုမှတ်တမ်းတင်ပါကြောင်း။

ယနေ့ အချိန်အခါ၌ အခြားအနုပညာကဏ္ဍများတွင် အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ခြင်း၊ သင်တန်းများ ဖွင့်လှစ်ခြင်းများဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ ဂီတလောကသားများ အနေဖြင့် ဂီတဆိုင်ရာပညာရပ်များ ပိုမိုဖွံ့ဖြိုးတိုးတက် ကျွမ်းကျင်လာရေးအတွက် အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများ ဖွင့်လှစ်ဆောင်ရွက် ပေးစေလိုကြောင်း။

မြန်မာနိုင်ငံ ဂီတအစည်းအရုံး အနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင် အစည်းအရုံးဝင်အင်အား ပိုမိုတိုးတက်များပြားအောင် ကြိုးပမ်းတည်ဆောက်ကြစေလိုကြောင်း။

အစည်းအရုံး၏ လုပ်ဆောင်ချက်များသည် အမျိုးသားအကျိုးစီးပွားနှင့် ဂီတလောကသားများ၏ အကျိုးအတွက် အစဉ်ရပ်တည်သည့် လုပ်ဆောင်ချက်များအဖြစ် ဆက်လက်အကောင်အထည်ဖော်သွားရန် မှာကြားလိုကြောင်း၊ ဂီတပညာရပ်များကို တီထွင်ဆန်းသစ်ရာတွင် ရိုးရာယဉ်ကျေးမှု ဓလေ့စရိုက်ကို မထိခိုက်စေဘဲ ပိုမိုဆန်းသစ် ဖွံ့ဖြိုးအောင် သတိပြု ဆောင်ရွက်ကြရန်နှင့် တိုင်းပြည်နှင့် လူမျိုးအကျိုး၊ ဂီတလောကနှင့် ဂီတလောကသားများ၏ အကျိုးကို ထမ်းဆောင်ရာတွင် အခြေခံအလွှာအသီးသီးက စည်းလုံးညီညွတ်စွာဖြင့် ရည်မှန်းချက်များ အောင်မြင်ရေး ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်းဖြင့် ပြောကြားပြီး တွေ့ဆုံပွဲကို ရုပ်သိမ်းလိုက်သည်။

တွေ့ဆုံပွဲ အပြီးတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အရန်ထုတ်လွှင့်ရေးနှင့် ရန်ကုန်မြို့ဝန်းကျင် ထပ်ဆင့်ထုတ်လွှင့်ရေးတာဝန်အတွက် စက်ပစ္စည်းများ အသင့်ထားရှိလျက် ထိန်းသိမ်းဆောင်ရွက်နေသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား အဆောက်အအုံရှိ စတူဒီယိုခန်းမများ၊ ထုတ်လွှင့်ရေးစက်ခန်းများနှင့် ရိုက်ကူးရေးခန်းမများတွင် လုပ်ငန်းဆောင်ရွက်နေမှု၊ စက်ပစ္စည်းများ အသုံးပြုနေမှုများနှင့် အဆောက်အအုံကြံ့ခိုင်ရေး ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဌေးနှင့် တာဝန်ရှိသူများက ရုပ်မြင်သံကြား အစီအစဉ်များ ထပ်ဆင့်ထုတ်လွှင့်မှုလုပ်ငန်းနှင့် အသင့်ထုတ်လွှင့်နိုင်ရေးအတွက် ထုတ်လွှင့်စက်များ၊ ကျွမ်းကျင်ဝန်ထမ်းများဖြင့် စီစဉ်ဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းပြသကြသည်။

ယင်းနောက် ဝန်ကြီးသည် Radio Station သို့ ရောက်ရှိပြီး ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းပြသကြသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ပင်မအဆောက်အအုံရှိ ရုံးခန်းများ၊ ရေဒီယိုပင်မအသံထိန်းခန်း၊ အသံသွင်းနှင့် အသံလွှင့်စတူဒီယိုများတွင် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ MRTV-4 အစီအစဉ် ထုတ်လုပ်ရေးခန်းမနှင့် ထုတ်လွှင့်စက်ခန်းများတွင် ရုပ်မြင်သံကြားထုတ်လွှင့်ရေး စီမံဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက စတူဒီယိုတွင် တာဝန်ထမ်းဆောင်နေကြသော ဝန်ထမ်းများအနေဖြင့် စက်ပစ္စည်းများကို စနစ်တကျ ထိန်းသိမ်းကိုင်တွယ်ဆောင်ရွက်ရေး၊ လုပ်ငန်းကျွမ်းကျင်မှုရှိအောင် အစဉ်လေ့ကျင့်ဆောင်ရွက်ရေး၊ စက်ပစ္စည်းများ ကြံ့ခိုင်ရေးအတွက် ဂရုပြုထိန်းသိမ်းရေး၊ လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

(သတင်းစဉ်)







# မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေး ကုန်စည်ပြပွဲဖွင့်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

(၈)ကြိမ်မြောက် ၂၀၀၈ မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၁၇ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ရှိ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်၌ ကျင်းပရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယဌာနမှူး မစ္စတာ ကြူရှောက်ရန်၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်နှင့် မူဆယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းမင်းဇော်တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ ညွှန်ကြားရေးမှူးချုပ် ဦးစံပြည့်၊ ယူနန်ပြည်နယ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဌာန ဒုတိယဌာနမှူး မစ္စတာ ကြူရှောက်ရန်နှင့် တယ်ဟုန်ပြည်နယ်ခွဲ ပြည်သူ့အစိုးရအုပ်ချုပ်ရေးမှူး မစ္စတာ မုံ့ပီကွမ်းတို့က ကုန်စည်ပြပွဲကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး **(ဝဲပုံ)** ပြခန်းများကို လှည့်လည်ကြည့်ရှု၍ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း ခေါင်းဆောင်သော အဖွဲ့နှင့် ဒုတိယဌာနမှူး မစ္စတာ ကြူရှောက်ရန် ခေါင်းဆောင်သောအဖွဲ့တို့ တွေ့ဆုံခဲ့ကြပြီး နှစ်နိုင်ငံကုန်သွယ်မှု တိုးမြှင့်ရေးကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြသည်။ ဆက်လက်၍ နယ်စပ်ကုန်သွယ်မှု ပူးပေါင်းညှိနှိုင်းရေးကော်မတီအစည်းအဝေး (JBTCCC)ကို မူဆယ်မြို့ရှိ စိန်ရတနာဟိုတယ်၌ ကျင်းပရာ အစည်းအဝေးတွင် နှစ်နိုင်ငံအဖွဲ့ခေါင်းဆောင်များသည် နှစ်နိုင်ငံကုန်သွယ်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

(၈)ကြိမ်မြောက် ၂၀၀၈မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်ရေးကုန်စည်ပြပွဲတွင် မြန်မာနိုင်ငံမှ ပြခန်းပေါင်း ၁၀၈ခန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ပြခန်းပေါင်း ၁၀၈ခန်း စုစုပေါင်း ၂၁၆ခန်းကို ဒီဇင်ဘာ ၁၉ရက်အထိ ဖွင့်လှစ်ပြသခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# အမေရိကန်တိုက်ခိုက်မှု အရပ်သားသေဆုံး၊ အမေရိကန်-အာဖဂန်တင်းမာမှု ကြီးထွားလာ

**ကဘူး ဒီဇင်ဘာ ၂၀**

ပါကစ္စတန်နိုင်ငံနှင့် အာဖဂန်နစ္စတန်နိုင်ငံ နယ်စပ်အနီး အိမ်တစ်လုံးကို အမေရိကန်တပ်ဖွဲ့များက ကြာသပတေးနေ့တွင် တိုက်ခိုက်ရာ ယင်းတိုက်ခိုက်မှုသည် အမေရိကန်နှင့်အာဖဂန်နစ္စတန်တို့၏ တင်းမာမှုကို ဖြစ်စေသော အဓိကအကြောင်းတရားဖြစ်လာသည်။ အမေရိကန်တို့ကအဆိုပါတိုက်ခိုက်မှုသည် အကြမ်းဖက်သမားများကို အောင်မြင်စွာ တန်ပြန်တိုက်ခိုက်ခြင်း ဖြစ်ကြောင်း ပြောကြားသော်လည်း အာဖဂန်နစ္စတန်ဘက်ကမူ အပြစ်မဲ့အရပ်သားသုံးဦး သေဆုံးရကြောင်း၊ လေးနှစ်အရွယ်ကလေးတစ်ဦးအပါအဝင် နှစ်ဦးဒဏ်ရာရရှိကြောင်း ပြောကြားသည်။

အဆိုပါတိုက်ခိုက်မှုသည် ခို့စ်ပြည်နယ်၊ တန်ဒီကျေးရွာတွင် ဒီဇင်ဘာ ၁၇ ရက်က ပေါ်ပေါက်ခဲ့ခြင်းဖြစ်သည်။ အမေရိကန်စစ်ဘက် ခေါင်းဆောင်များနှင့် အာဖဂန်တာဝန်ရှိသူများသည် ထိုဖြစ်စဉ်ကို စုံစမ်းစစ်ဆေးလျက်ရှိသည်ဟု ဆိုသည်။

သမ္မတဟာမစ်ကာဇိုင်းကမူ အစိုးရခေါင်းဆောင်များနှင့် သံတမန်များ၏ရှေ့မှောက်တွင် ထိုတိုက်ခိုက်မှုကို ရှုတ်ချခဲ့သည်။ အာဖဂန်ပြည်သူများ၏ အိမ်အတွင်းသို့ အင်အားသုံး၍ အဓမ္မဝင်ရောက်ခြင်းသည် အာဖဂန်အစိုးရကို ဆန့်ကျင်ခြင်းဖြစ်သည်ဟု ဆိုသည်။

အမေရိကန်ဦးဆောင်သောတပ်ဖွဲ့များက အိမ်အဝင်ပေါက်ကို ဖောက်ခွဲဖျက်ဆီး၍ ဝင်ရောက်လာကြပြီးမိသားစု၏ ဖခင်၊ မိခင်နှင့် အမျိုးသား ဆွေမျိုးတစ်ဦးတို့ကို သတ်ပစ်ခဲ့ကြောင်း ခို့စ်ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး တာဟာခန်ဆာအရီက ပြောကြားသည်။ ဒဏ်ရာရရှိသောကလေးတစ်ဦးနှင့် အမျိုးသမီးတို့ သေဆုံးသူများနှင့် မည်သို့ဆက်စပ်နေသည်ကို ရှင်းလင်းစွာ မသိရသေးကြောင်း၊ အားလုံးသောသူများသည် တိုက်ခိုက်ရေးသမားများ မဟုတ်သော အရပ်သားများသာဖြစ်ကြောင်း ပြောကြားသည်။

အမေရိကန်စစ်ဘက်ကမူ အဆိုပါတိုက်ခိုက်မှုသည် အယ်လ်ခိုင်ဒါ ခေါင်းဆောင်တစ်ဦးအား ဖမ်းဆီးရန်ဖြစ်သည်။ ထိုသေဆုံးသူများမှာလည်း လက်ပစ်ဗုံးများ၊ အေကေ ၄၇ သေနတ်များနှင့် ပစ္စတိုများစွဲကိုင်ထား၍ ရန်ပြုမည့်အသွင် ပြနေသည်ဟု ပြောဆိုသည်။

ခို့စ်ပြည်နယ် တိုက်ခိုက်မှုအပေါ် အငြင်းပွားခြင်းသည် မက်ဆာချူးဆက်ပြည်နယ် ဒီမိုကရက် အထက်လွှတ်တော်အမတ် ဂျွန်ကာရီ အာဖဂန်နစ္စတန်သို့ လာရောက်လည်ပတ်မည့် အချိန်နှင့်တိုက်ဆိုင်နေသည်။ ၎င်းက အမေရိကန်ပြည်ထောင်စုအနေဖြင့် စစ်ပွဲတွင်အနိုင်ရရေးမှာ ဒေသခံတို့၏ ထောက်ခံမှုရရှိရန် လိုအပ်သည်ဟု ပြောကြားခဲ့သည်။ ***အင်တာနက်။***






**အီရတ်နိုင်ငံ မြောက်ပိုင်း အဝေးပြေး လမ်းမတစ်နေရာတွင် အိုင်အီးဒီဗုံး ပေါက်ကွဲစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# အိန္ဒိယတွင် ကွန်ပျူတာအသုံးပြု၍ ကျူးလွန်သော ဆိုက်ဘာမှုခင်းများမြင့်တက်လာ

**အိန္ဒိယတွင် အင်တာနက် အသုံးပြုသူ များပြားလာသကဲ့သို့ ဆိုက်ဘာပြစ်မှု ကျူးလွန်မှုလည်း မြင့်တက်လာသည်။**

*(ဓာတ်ပုံ-အင်တာနက်)*



**နယူးဒေလီ ဒီဇင်ဘာ ၂၀**

အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် အင်တာနက်သုံးစွဲမှုတွင် စတုတ္ထအများဆုံး ဖြစ်သည်။ ထို့အပြင် အင်တာနက်ကို အသုံးပြု၍ ကျူးလွန်သည့် ဆိုက်ဘာမှုခင်းသည်လည်း ၂၀၀၆ ခုနှစ်နှင့် နှိုင်းစာလျှင် ၂၀၀၇ ခုနှစ်တွင် ရာခိုင်နှုန်း ၅၀ အထိ မြင့်တက်လာသည်ကို တွေ့ရကြောင်း အင်ဒိုအေးရှ သတင်းဌာနက ဒီဇင်ဘာ ၁၈ ရက် သတင်းတွင် ဖော်ပြသည်။

**ဖြန့်ဖြူး**

ဆိုက်ဘာမှုခင်းသည် ယခုကာလတွင်မှ ပေါ်ပေါက်လာသော ပြစ်မှုအမျိုးအစားသစ်ဖြစ်ပြီး ဖြစ်ပွားမှုနှုန်းသည် ကျယ်ပြန့်ပြီး မြန်ဆန်သည်ဟု ဆိုသည်။ ဆိုက်ဘာမှုခင်းများအနက် ၄၆ ရာခိုင်နှုန်းသော မှုခင်းများမှာ ကွန်ပျူတာကွန်ရက်ကို အသုံးပြု၍ ညစ်ညမ်းဓာတ်ပုံများ ဖြန့်ဖြူးခြင်းဖြစ်ပြီးကျူးလွန်သူများမှာ အသက် ၁၈ နှစ်မှ ၃၀ နှစ်အကြားရှိသူများဖြစ်ကြောင်း အိန္ဒိယအမျိုးသားမှုခင်းမှတ်တမ်းဗျူရိုက ဖော်ပြသည်။

**မြင့်တက်လာ**

အိန္ဒိယနိုင်ငံတွင် ၂၀၀၆ ခုနှစ်က ဆိုက်ဘာမှုခင်း ၁၄၂ မှုသာ ရှိခဲ့သော်လည်း ၂၀၀၇ ခုနှစ်တွင် မှုခင်းအရေအတွက် ၂၁၇ မှုအထိ မြင့်တက်လာသည်။ဆိုက်ဘာမှုခင်းအမျိုးအစားများတွင် ကွန်ပျူတာ အထောက်အထားအချက်အလက်များခိုးယူခြင်း၊ထိုအချက်အလက်များထုတ်ပေးစေရန် လှည့်ဖြားခြင်း၊ကြည့်ခွင့်မရှိသောလျှို့ဝှက်အချက်အလက်များရယူခြင်း၊ ညစ်ညမ်းပုံများ ဖြန့်ဖြူးခြင်းစသည့် ပြစ်မှုများပါဝင်သည်။ ***အင်တာနက်။***

## တရုတ်နို့မှုန့် တင်သွင်းမှု ဆိုင်းငံ့ထားခြင်းအား စင်ကာပူရုပ်သိမ်း

**စင်ကာပူ ဒီဇင်ဘာ ၂၀**

တရုတ်နိုင်ငံမှ နို့နှင့်နို့ထွက်ပစ္စည်းများ တင်သွင်းမှုနှင့် ပတ်သက်၍ဆိုင်းငံ့ထားခြင်းကို စင်ကာပူနိုင်ငံက ရုပ်သိမ်းပြီးဖြစ်ကြောင်း စားနပ်ရိက္ခာနှင့် တိရစ္ဆာန်ဆေးကု အာဏာပိုင်အဖွဲ့ (အေဗွီအေ)က ကြာသပတေးနေ့တွင် ပြောကြားသည်။ အေဗွီအေအဖွဲ့က ယခုအခါ တရုတ်နိုင်ငံမှ နို့နှင့်နို့ထွက်ပစ္စည်းများတွင်မယ်လမင်းဓာတ်ပါဝင်မှု မရှိကြောင်း ထုတ်ဖော်ပြောကြားသည်။

ဒီဇင်ဘာ ၁၈ ရက် နောက်ပိုင်းတွင် ထုတ်လုပ်သော တရုတ်နိုင်ငံနို့နှင့် နို့ထွက်ပစ္စည်းများအား စင်ကာပူနိုင်ငံသို့ တင်သွင်းခြင်းကို ပြန်လည်ခွင့်ပြုမည်ဖြစ်ကြောင်း အေဗွီအေက ဆိုသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***



**အီရတ်နိုင်ငံ ဆာဒါဒေသတွင် ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် အပျက်အစီးများကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# နိုင်ငံတကာ သတင်းမှတ်စု




## ဗုံးပေါက်သည့် ဒေသသို့ ဖိလစ်ပိုင်သမ္မတသွားရောက်

မြို့လယ်ကုန်တိုက်ကြီးများ၌ ဗုံးနှစ်လုံးပေါက်ကွဲမှုကြောင့် သုံးဦးသေဆုံးပြီး ၄၇ ဦးဒဏ်ရာရရှိပြီးနောက် တစ်ရက်အကြာ ဒီဇင်ဘာ ၁၉ ရက်က ဗုံးတစ်လုံးထပ်မံပေါက်ကွဲသော အီလီဂန်မြို့တောင်ပိုင်းသို့ ဖိလစ်ပိုင်သမ္မတ ဂလိုရီယာမာကာပါဂယ်အာရိုယို သွားရောက်ပြီး ဆေးရုံတင်ထားသော ဒဏ်ရာရရှိသူများကို ကြည့်ရှုအားပေးခဲ့သည်။ **(အပေါ်ပုံ)**

ပထမဗုံးသည် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီခွဲခန့်က ယူနီစီးတီးကုန်တိုက်၏ ခရီးဆောင်အိတ်ကောင်တာ၌ ပေါက်ကွဲခဲ့ပြီး မိနစ် ၃၀ အကြာတွင် ဂျာရီကုန်တိုက်၏ ခရီးဆောင်အိတ်ကောင်တာ၌ ဒုတိယ ဗုံးပေါက်ကွဲခဲ့သည်။

## ကမ္ဘောဒီးယား၌ ရင်းနှီးမြှုပ်နှံမှု တရုတ်အများဆုံးဖြစ်လာ

ကမ္ဘောဒီးယားနိုင်ငံ၌ လွန်ခဲ့သော ၁၄ နှစ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုစာရင်းမှာ တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၅ ဒသမ ၇၀၇ ဘီလီယံဖြင့် ထိပ်ဆုံးရောက်ရှိနေကြောင်း သောကြာနေ့ထုတ်ပြည်တွင်းသတင်းစာများ၌ ဖော်ပြသည်။

တရုတ်နိုင်ငံနောက်တွင် တောင်ကိုရီးယားနိုင်ငံက အမေရိကန်ဒေါ်လာ ၂ ဒသမ ၇၄၉ ဘီလီယံနှင့် မလေးရှားနိုင်ငံက အမေရိကန်ဒေါ်လာ ၂ ဒသမ ၁၉၉ ဘီလီယံဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မတီ၏ တာဝန်ရှိသူများက ပြောကြားသည်။

## စင်ကာပူနှင့် မလေးရှားတို့ စစ်ရေးပူးပေါင်းလေ့ကျင့်

စင်ကာပူနှင့် မလေးရှားရေတပ်ဖွဲ့တို့ ပူးပေါင်းပြီး မာလက္ကာရေလက်ကြားတွင် ဒီဇင်ဘာ ၁၀ ရက်မှ ၁၉ ရက်ထိ စစ်ရေးလေ့ကျင့်ခဲ့ကြောင်း စင်ကာပူနိုင်ငံ ကာကွယ်ရေးဝန်ကြီးဌာနက သောကြာနေ့တွင် ဖော်ပြသည်။

အဆိုပါ စစ်ရေးလေ့ကျင့်မှုတွင် နှစ်နိုင်ငံမှ ဖရီးဂိတ်စစ်သင်္ဘောတစ်စင်း၊ ရေငုပ်သင်္ဘောတိုက်ဖျက်ရေး စစ်သင်္ဘောငယ်တစ်စင်း၊ ကင်းလှည့်ရေယာဉ်တစ်စင်းနှင့် တပ်ဖွဲ့ဝင် ၄၀၀ တို့ ပါဝင်ခဲ့ကြောင်း သိရသည်။

## ရုရှားဗုံးကြဲလေယာဉ် ပျက်ကျ

ရုရှားနိုင်ငံအလယ်ပိုင်း ဘိုရိုနက်ဇ်မြို့အနီး ဒီဇင်ဘာ ၁၉ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က အက်စ်ယူ-၂၄ ဗုံးကြဲလေယာဉ်ပျက်ကျခဲ့ကြောင်း၊ သို့သော် လေယာဉ်မှူးနှစ်ဦးစလုံး အသက်ရှင်လွတ်မြောက်ခဲ့ကြောင်း၊ အဆိုပါ လေယာဉ်ပျက်ကျမှုကြောင့် မြေပြင်၌ ပျက်စီးမှုနှင့် သေကျေဒဏ်ရာရရှိမှုမရှိကြောင်း ရုရှားသတင်းဌာနများက ရေးသားဖော်ပြသည်။

## ဆိုမာလီပင်လယ်ဓားပြများက အင်ဒိုနီးရှား ၁၁ ဦးအား ဖမ်းဆီး

မလေးရှားနိုင်ငံပိုင်ဆွဲသင်္ဘောမှ အင်ဒိုနီးရှားသင်္ဘောအမှုထမ်း ၁၁ ဦးအား ဆိုမာလီပင်လယ်ဓားပြများ ဖမ်းဆီးသွားကြောင်း၊ အဆိုပါ သင်္ဘောသားများသည် ယီမင်နိုင်ငံ ရေပြင်တွင် အလုပ်လုပ်နေကြပြီး ဒီဇင်ဘာ ၁၆ ရက်နောက်ပိုင်းက ပြန်ပေးဆွဲခံရကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက သောကြာနေ့တွင် ပြောကြားသည်။

**စုစည်းဘာသာပြန်ဆိုသူ - စိုးစိုးနိုင်**

# ဥရောပရှိ အမေရိကန်သံရုံးများနှင့် ပြည်နယ်အုပ်ချုပ်ရေးရုံးများ သံသယဖြစ်ဖွယ်ရှိသော အမှုန့်များပါသည့် စာအိတ်များလက်ခံရရှိ

**ဝါရှင်တန် ဒီဇင်ဘာ ၂၀**

ဥရောပရှိ အမေရိကန်သံရုံး ၁၅ခု နှင့် အမေရိကန်နိုင်ငံရှိ ပြည်နယ် အုပ်ချုပ်ရေးရုံး ၄၀ ကျော်တို့တွင် အဖြူအမှုန့်များပါဝင်သော စာအိတ်များကို လက်ခံရရှိပြီး ထိုအမှုန့်များမှာ အန္တရာယ်မရှိကြောင်းတွေ့ရှိရသည်ဟု အမေရိကန် စုံစမ်းစစ်ဆေးရေးဌာန (အက်ဖ်ဘီအိုင်)နှင့် နိုင်ငံခြားရေး ဝန်ကြီးရုံးတို့က ပြောကြားသည်။

နိုင်ငံခြားရေးဝန်ကြီးရုံးမှပြောကြား ချက်အရ ဘာလင်၊ ဘရပ်ဆယ်၊ ဘူခါရက်စ်၊ကိုပင်ဟေဂင်၊ ဒဗ်ဘလင်၊ လူဇင်ဘတ်၊ မက်ဒရစ်ဒ်၊ အော်စလို၊ ပါရီ၊ ရောမ၊ စတော့ခ်ဟုမ်း၊ တာလင် နှင့် သည်ဟိဂ် စသည့်မြို့များရှိ သံရုံး အားလုံးတွင် အမှုန့်ပါသည့် စာအိတ် များကိုလက်ခံရရှိကြောင်း သိရသည်။

ယင်းအမှုန့်များကိုစမ်းသပ်စစ်ဆေး မှုများပြုလုပ်ရာ အားလုံးမှာအန္တရာယ် မရှိကြောင်းတွေ့ရှိရသည်ဟု ဒုတိယ ပြောရေးဆိုခွင့်ရှိသူ ရောဘတ်ဝုဒ်က ပြောကြားသည်။ ထို့ပြင်အီတလီနိုင်ငံ ရောမသံရုံးနှင့် ရိုမေးနီးယားရှိ ဘူခါ ရက်စ်သံရုံးတို့ကိုလည်း ၎င်းအဖြစ် အပျက်များကြောင့် ပိတ်ထားလိုက် သည်ဟု ထပ်မံပြောကြားသည်။ စပိန် နိုင်ငံရှိ မက်ဒရစ်သံရုံးကိုလည်း ထို အဖြူရောင်အမှုန့်ပါသော စာအိတ် လက်ခံရရှိပြီးနောက် ပိတ်ထား လိုက်ပြီး ဒေသဆိုင်ရာ အာဏာပိုင် များကလည်း ကြိုတင်ကာကွယ်သည့် အနေဖြင့် အမေရိကန် သံရုံး၏ အပြင်ဘက်နှင့် လမ်းတစ်ဖက်ခြမ်းတွင် လူနာတင်ကားများ ချထားကြောင်း သတင်းအရသိရှိရသည်။

အက်ဖ်ဘီအိုင်၏ ထုတ်ပြန်ချက် အရ အမေရိကန်ပြည်နယ်အုပ်ချုပ် ရေးမှူးရုံး ၄၀ကျော်တွင်လည်းအလား တူ အဖြူရောင်အမှုန့်ပါသောစာအိတ် များကို လက်ခံရရှိ၍ စစ်ဆေးမှုများ ပြုလုပ်ရာအန္တရာယ်မရှိကြောင်းတွေ့ရှိ ရသည်ဟု ဖော်ပြထားသည်။

***အင်တာနက်။***



**အမေရိကန်ရှိ ပြည်နယ်အုပ်ချုပ်ရေးရုံးများသို့ မသင်္ကာဖွယ် အဖြူရောင် အမှုန့်များ အပို့ခံရသဖြင့် စစ်ဆေးရန် ရောက်ရှိလာသော ကျွမ်းကျင်သူများကို ဒီဇင်ဘာ ၁၇ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ပြည်ပမှတင်သွင်းသည့် သံမဏိများအား ဗီယက်နမ်၌ အခွန်တိုးမြှင့်ကောက်ခံမည်

**ဟန္နိုင်း ဒီဇင်ဘာ ၂၀**

ဗီယက်နမ်နိုင်ငံတွင် သံမဏိ ပစ္စည်းများနှင့် သံမဏိချောင်းများ အပေါ် စည်းကြပ်သည့် အခွန်အခ များကို လက်ရှိ ကောက်ခံနေသည့် ၂ ရာခိုင်နှုန်းမှ ၅ ရာခိုင်နှုန်းသို့ ဒီဇင်ဘာ ၂၁ ရက်မှ စတင်ကာ တိုးမြှင့်ကောက်ခံသွားမည်ဟု ဒေသ ဆိုင်ရာ သတင်းစာက ဒီဇင်ဘာ ၁၈ ရက်တွင် ဖော်ပြသည်။

နိုင်ငံ၏သံမဏိဈေးကွက်ကို ခိုင်မာ စွာ ရပ်တည်နိုင်စေရန်နှင့် သံမဏိ ပစ္စည်းများအသုံးတွင်ကျယ်လာစေရန် သံမဏိပစ္စည်းများအပေါ် စည်းကြပ် သည့် အခွန်အား ပြင်ဆင်ရခြင်း ဖြစ်သည်ဟု ဗီယက်နမ် ဘဏ္ဍာရေး ဝန်ကြီးဌာနက ပြောကြားသည်။

ကုမ္ပဏီများသည်လက်ရှိအချိန်တွင် သံမဏိပစ္စည်းများကို သိုလှောင် ထားပြီးနိုင်ငံတစ်ဝန်းလုံးတွင်သိုလှောင် ထားသည့်သံမဏိပမာဏမှာ တန်ချိန် သုံးသန်းခန့်ရှိသည်ဟုဆိုသည်။

သွင်းကုန်များအပေါ် အခွန် တိုး မြှင့်ကောက်ခံခြင်းသည်ရေတိုဖြေရှင်း သည့် နည်းလမ်းသာ ဖြစ်သည်ဟု ဆိုသည်။

စီးပွားရေးမဟာဗျူဟာကို ပြောင်း လဲခြင်း၊ ဈေးနှုန်းများ လျှော့ချစေရန် နည်းပညာများ ထောက်ပံ့ပေးခြင်းနှင့် ဒေသခံသံမဏိလုပ်ငန်းရှင်များအကြား ပိုမိုခိုင်မြဲစွာ ပူးပေါင်းဆောင်ရွက် ခြင်းတို့သည် ပြည်တွင်းသံမဏိ လုပ်ငန်းရှင်များ ရင်ဆိုင်နေရသော အခက်အခဲပြဿနာများကိုကိုင်တွယ် ဖြေရှင်းရန် အကောင်းဆုံးနည်းလမ်း ဖြစ်သည်ဟု စက်မှုလုပ်ငန်းကျွမ်းကျင် သူများက သုံးသပ်သည်။

***အမ်အင်အေ၊ဆင်ဟွာ။***



**သီရိလင်္ကာနိုင်ငံမြောက်ပိုင်း ကီလီပိုချီဒေသတွင် တိုက်ပွဲဖြစ်ပွား နေသည်ကို ဒီဇင်ဘာ ၂၀ ရက်က တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

# ကမ္ဘာတွင် စီးပွားရေးကျပ်တည်းနေသော်လည်း ၂၀၀၈ခုနှစ်တွင် ရုရှားစစ်လက်နက်ပစ္စည်းအဝယ်လိုက်

**မော်စကို ဒီဇင်ဘာ ၂၀**

ရုရှားနိုင်ငံ၏ စစ်လက်နက်ပစ္စည်း တင်ပို့ရောင်းချမှု တန်ဖိုးပမာဏသည် ၂၀၀၈ခုနှစ်တွင် အမေရိကန်ဒေါ်လာ သန်း ၈၀၀၀အထိ ရောက်ရှိလာမည် ဖြစ်ကြောင်း ရုရှားနိုင်ငံ၏ ဒုတိယ ဝန်ကြီးချုပ် ဆာဂျီလက်ဗရော့ဗ်က ယခုသီတင်းပတ်အတွင်း ပြောကြား ချက်ကို ကိုးကား၍ သတင်းဌာနများ က ဖော်ပြကြသည်။

ဖော်ပြပါ အရောင်းတန်ဖိုးသည် ၂၀၀၇ ခုနှစ် အရောင်းတန်ဖိုးထက် ဒေါ်လာသန်း ၁၀၀၀ ပိုမိုမြင့်တက် လာသည်။ ကမ္ဘာပေါ်တွင် စီးပွားရေး အကျပ်အတည်း တွေ့နေရသော်လည်း စစ်လက်နက်ပစ္စည်း ဈေးကွက်မှာ အရောင်းကျမသွားဘဲ အားကောင်းနေဆဲ ဖြစ်သည်။

ရုရှားစစ်လက်နက်ပစ္စည်း ထုတ် လုပ်သော လုပ်ငန်းများက ယခုနှစ် ကုန်အထိရရှိထားသော ကုန်အမှာစာ များအရ ဝယ်ယူရန်ရှိသည့် ပစ္စည်း တန်ဖိုးသည် အမေရိကန်ဒေါ်လာ သန်း ၃၃၀၀၀ဖိုးရှိကြောင်း ရုရှား စစ်ဘက် စက်မှုလုပ်ငန်းဆိုင်ရာ အခမ်းအနားတစ်ခုတွင် ဒုတိယ ဝန်ကြီးချုပ်လက်ဗရော့ဗ်ကပြောကြား သည်။

ကမ္ဘာတွင် စီးပွားရေးအခြေအနေ များရှုပ်ထွေးကျပ်တည်းနေသော်လည်း ရုရှားစစ်လက်နက်ပစ္စည်း ဝယ်ယူကြ သော ဖောက်သည်များမှာ လက်တွန့်ခြင်း မရှိဘဲ ဝယ်ယူမြဲဝယ်ယူနေကြသည် ဟု ၎င်းက ဆက်လက်ပြောကြားသည်။

***အင်တာနက်။***

**ကြေးမုံ The Mirror နိုင်ငံတကာ သတင်းများ**

# ဗြိတိန်နိုင်ငံတွင် လူထုသဘောထား ဆန်းစစ်လေ့လာ ကွန်ဆာဗေးတစ်ပါတီက လေဘာကိုအနည်းငယ်အသာရနေ

**လန်ဒန် ဒီဇင်ဘာ ၂၀**

ဗြိတိန်နိုင်ငံရှိ နိုင်ငံရေးပါတီများ အပေါ် လူထုနှစ်သက်မှု သဘော ထားကို မကြာသေးမီက လေ့လာ ဆန်းစစ်ရာ ကွန်ဆာဗေးတစ်ပါတီက လေဘာပါတီထက် လူကြိုက်များမှု တွင် ယခင်တစ်လက ၁၅ ရာခိုင်နှုန်း အသာရနေရာမှ ယခု နောက်ဆုံး ဆန်းစစ်ချက်၌မူ ၅ ရာခိုင်နှုန်းသာ အသာရတော့ကြောင်း ဒီဇင်ဘာ ၁၆ရက်က ထုတ်ပြန်သော ဂါဒီယန်း ဝက်ဘ်ဆိုက်သတင်းတွင် ဖော်ပြ သည်။

နိုဝင်ဘာလအတွင်း သဘောထား ကောက်ယူစဉ်က ကွန်ဆာဗေးတစ် ပါတီကို ထောက်ခံမှု ၄၅ရာခိုင်နှုန်း ရှိသော်လည်း နောက်ဆုံး ဆန်းစစ် ချက်တွင်ထောက်ခံမှုမှာ၃၈ရာခိုင်နှုန်း သာ ရှိတော့သည်။ လေဘာပါတီ၏ အခြေအနေမှာမူ နိုဝင်ဘာလအတွင်း က ထောက်ခံမှု ရာခိုင်နှုန်း ၃၀ သာ ရှိသော်လည်း ယခုလတွင် ထောက်ခံ မှုမှာ ၃၃ ရာခိုင်နှုန်းသို့ မြင့်တက်လာ သည်။

**သုံးသပ်**

ဝန်ကြီးချုပ် ဂေါ်ဒွင်ဘရောင်း အနေဖြင့် ရွေးကောက်ပွဲကို လာမည့် ၁၈လအကြာတွင်ကျင်းပမည်ဆိုပါက ရွေးကောက်ပွဲတွင် နှစ်ပါတီစလုံး မတိမ်းမယိမ်း အရွေးခံရဖွယ်ရှိပြီး ပါလီမန်တွင် အစိုးရအဖွဲ့ နိုင်လောက် အောင် အင်အားအသာမရနိုင်ဟု ဂါဒီယန်းသတင်းစာကသုံးသပ်သည်။

ယခုလေ့လာချက်ကို လူပေါင်း ၁၀၀၃ ဦးအား ဒီဇင်ဘာ ၁၂ ရက်မှ ၁၄ ရက်အတွင်း တယ်လီဖုန်းဖြင့် စစ်တမ်းကောက်ယူကာ ပြုစုထားခြင်း ဖြစ်သည်ဟုဆိုသည်။

***အင်တာနက်။***



**အီရတ်နိုင်ငံ ဘာဆာရာဒေသတွင် ဖြစ်ပွားသော တိုက်ခိုက်မှုများကြောင့် ဒဏ်ရာရရှိလာသော ပြည်သူများကို တွေ့ရစဉ်။**

*(ဓာတ်ပုံ-အင်တာနက်)*

## နိုင်ငံတကာသတင်းမှတ်စု

### ဆစ်ဒနီမြို့ ဝေဟင်တွင် လေယာဉ်နှစ်စင်းတိုက်မိ၊ နှစ်ဦးသေဆုံး

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့ အနောက်တောင်ဘက်ကောင်းကင်တွင် ဒီဇင်ဘာ ၁၈ ရက် နံနက်ပိုင်းက လေယာဉ်နှစ်စင်း အရှိန်ပြင်းစွာ တိုက်မိခဲ့ရာ နှစ်ဦးသေဆုံးသည်ဟု အာဏာပိုင်များက အတည်ပြုသည်။

အဆိုပါ လေယာဉ်နှစ်စင်းအနက် တစ်စင်းမှာ မြေပြင်သို့ကောင်းမွန်စွာ ပြန်လည်ဆင်းသက်နိုင်ခဲ့သော်လည်း အခြားတစ်စင်းမှာမူ နေအိမ်တစ်လုံးကို ဝင်ရောက်တိုက်မိကာ မီးလောင်သွားပြီး ယင်းလေယာဉ်ပေါ်တွင် ပါရှိသူနှစ်ဦး သေဆုံးခဲ့သည်ဟု ဆိုသည်။

အနီးအနားရှိ ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

### လော့စ်အိန်ဂျလိစ်တွင် လေပြင်းတိုက်သဖြင့် ရဟတ်ယာဉ်ပျက်ကျ၊ တစ်ဦးသေဆုံး

လော့စ်အိန်ဂျလိစ်မြို့အနီး ဆန်တာကလာရီတာဒေသတွင် ဒီဇင်ဘာ ၁၇ရက်က လေတိုက်နှုန်းပြင်းထန်သဖြင့် ရဟတ်ယာဉ်တစ်စင်း မြေပေါ်သို့ ပျက်ကျခဲ့ရာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိသည်ဟု ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။ **(အောက်ပုံ)** အချင်းဖြစ်ပွားရာနေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ပေးခဲ့ပြီး ဒဏ်ရာရရှိသူများအား အနီးရှိ ဆေးရုံသို့တင်ပို့ပေးထားသည်ဟု ဒေသဆိုင်ရာ မီးသတ်ဌာနမှ အရာရှိ တစ်ဦးက ပြောကြားသည်။



### စပိန် မာလိုကာကျွန်းပေါ်ရှိ ဟိုတယ်ပြိုကျ အလုပ်သမား လေးဦးသေဆုံး

စပိန်နိုင်ငံ မာလိုကာကျွန်းတွင် ဒီဇင်ဘာ ၁၆ရက်က မိုးသည်းထန်စွာ ရွာသွန်းသဖြင့် ဟိုတယ်တစ်ခု၏ အပေါ်ဆုံးထပ်ပြိုကျရာ အနည်းဆုံး အလုပ်သမားလေးဦး သေဆုံးသွားသည်ဟု ဒေသဆိုင်ရာ အရာရှိများက ပြောကြားသည်။ ပြိုကျသွားသော ဟိုတယ်မှာကျွန်း၏အရှေ့ဖျား ကာလာရာဂျာဒါအရပ်ရှိ အထပ်ကိုးထပ်ပါ စန်မောလ်ဟိုတယ်ဖြစ်ပြီး ကယ်ဆယ်သူများက အပျက်အစီးပုံများအတွင်း ရှာဖွေလျက်ရှိကြသည်။ ထိုဟိုတယ် သည် ဂျာမန်ခရီးသွားများအကြား လူကြိုက်များသည်ဟု ဆိုသည်။

ပထမပိုင်းတွင်ကယ်ဆယ်ရေးသမားများသည်အလောင်းနှစ်လောင်းကို အပြိုအပျက်များအောက်မှ ဆွဲထုတ်နိုင်ခဲ့ပြီးနောက်ပိုင်းတွင် အလောင်း နှစ်လောင်းကို ထပ်မံရှာဖွေတွေ့ရှိကြသည်။

ဟိုတယ်ကို ပြင်ဆင်မှုများ ပြုလုပ်နေစဉ် ပြိုကျခြင်းဖြစ်သည်ဟု အရေးပေါ် ကယ်ဆယ်ရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ လွန်ခဲ့သော နှစ်ရက်က မိုးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် ဟိုတယ်၏ အုတ်မြစ်အပိုင်း အားနည်းသွားကာ ယခုကဲ့သို့ ပြိုကျရခြင်းဖြစ်မည်ဟု ကနဦးစုံစမ်းမှုများအရသိရသည်။

***အင်တာနက်။***

# ယနေ့ကမ္ဘာ၏ ဘဏ္ဍာရေးနှင့် စားနပ်ရိက္ခာ အခြေအနေ

**[ဆောင်းပါးရှင် FAO လက်ထောက်ညွှန်ကြားရေးမှူးချုပ် ဗန်ကောက်အခြေစိုက် အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ဌာနေကိုယ်စားလှယ် ဒေါက်တာဟီချန်ခြူးရေးသားသည့်** The twin crises of finance and food **ဆောင်းပါးကို ဘာသာပြန်ဆို ဖော်ပြအပ်ပါသည်။]**

ကမ္ဘာ့ခေါင်းဆောင်တွေက ကမ္ဘာ့ငွေကြေးဈေးကွက်အတွင်း ရိုက်ခတ်နေတဲ့ အကျပ်အတည်းကို ရပ်တန့်ဖို့ ကြိုးစားနေချိန်မှာ သုံးသပ်သူများနဲ့ စီးပွားရေးပညာရှင်များကလည်း ဒီအကျပ်အတည်းရဲ့ အတိုင်းအတာကို တွက်ချက်ဖို့ ကြိုးစားနေကြပါတယ်။ ၁၉၃၀ ပြည့်နှစ်များမှာ ဖြစ်ပွားခဲ့တဲ့ Great Depression လို့ခေါ်တဲ့ စီးပွားရေးကပ်၊ ၁၉၈၇ ခုနှစ်ရဲ့ Black October လို့ခေါ်တဲ့ စီးပွားရေးကပ်၊ ၁၉၉၇ခုနှစ် အာရှစီးပွားရေးကပ် အခြေအနေတွေနဲ့ အပြိုင်ဖြစ်ပေါ်လာမှာလား၊ ဒါမှမဟုတ် သာလွန်ဆိုးရွားလာမှာလား။ တကယ်တော့ အခြေအနေက ပိုမိုဆိုးရွားကောင်း ဆိုးရွားလာနိုင်ပါတယ်။ အကြောင်းကတော့ ကမ္ဘာ့ဒေသအချို့မှာ စားနပ်ရိက္ခာရှားပါးလာပြီး စားနပ်ရိက္ခာဈေးနှုန်း မြင့်တက်မှုအချို့ ရှိနေတာကိုတွေ့နေရပါတယ်။ စိုက်ပျိုးရေးနဲ့ ကျေးလက်စီးပွားရေးအခြေအနေကလည်းအချို့ဒေသတွေမှာ အားနည်းမှုရှိနိုင်တယ်လို့ သုံးသပ်ရပါတယ်။

စားနပ်ရိက္ခာရရှိနိုင်ဖို့ဆိုတာ လူ့အဖွဲ့အစည်းတိုင်းရဲ့ အခြေခံအုတ်မြစ်ပါ။ Great Depression, Black October နဲ့ အာရှစီးပွားရေးကပ်တွေဆိုက်စဉ်အခါတုန်းက စားနပ်ရိက္ခာဈေးနှုန်းတွေက သမိုင်းတွင်လောက်အောင် ကျဆင်းခဲ့ပါတယ်။ စီးပွားရေးအခြေအနေ ဆိုးရွားခဲ့တယ်ဆိုပေမယ့် စားနပ်ရိက္ခာတွေကတော့ အလျှံပယ်ပေါများပြီး ဈေးနှုန်းကလည်း သက်သက်သာသာရှိနေခဲ့ပါတယ်။ ဒီကနေ့အချိန်မှာ အခြေအနေတွေက ခြားနားလို့နေပါတယ်။ စားနပ်ရိက္ခာတွေကလည်း ရှားပါးပြီး ဈေးနှုန်းကလည်း ၂၀၀၁ ခုနှစ်ကတည်းက တရိပ်ရိပ်တက်နေပါတယ်။ ၂၀၀၆ ခုနှစ်မှာတော့ အခြေအနေက အရေးကြီးလာခဲ့ပါပြီ။ FAO ရဲ့လေ့လာချက်အရ စားနပ်ရိက္ခာဈေးနှုန်းဟာ ၂၀၀၆ခုနှစ်မှာ ၉ရာခိုင်နှုန်း၊ ၂၀၀၇ခုနှစ်မှာ ၂၄ရာခိုင်နှုန်းနဲ့ လွန်ခဲ့တဲ့ တစ်နှစ်အတွင်းမှာ ၅၁ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ပြီးခဲ့တဲ့လတွေက ကမ္ဘာမှာ စားသောက်ကုန်ဈေးနှုန်း အချို့ ကျဆင်းတာတွေ့ခဲ့ရပေမယ့် ပျမ်းမျှဈေးနှုန်းတွေက သာမန်ထက် အများကြီး မြင့်တက်လျက်ရှိနေပြီး နိုင်ငံတကာဈေးကွက်ကလည်း မလူးသာမလွန့်သာအခြေအနေမှာပဲ ရှိနေတုန်းပါ။ သာမန်အချိန်တွေမှာ ဒီလိုကုန်ဈေးနှုန်းကြီးမြင့်မှုဟာ ကမ္ဘာပေါ်ရှိ အလုပ်သမားအများစုနဲ့ ဆင်းရဲနွမ်းပါးသူတွေကို ပိုမိုထိခိုက်စေနိုင်ပါတယ်။

စားနပ်ရိက္ခာဖူလုံမှုရဲ့ အခန်းကဏ္ဍကို လျှော့မတွက်သင့်ပါဘူး။ ကမ္ဘာ့စားနပ်ရိက္ခာရှားပါးမှုနဲ့ စားသောက်ကုန်ဈေးနှုန်း မြင့်တက်မှုဟာ ကမ္ဘာနဲ့အဝန်း လူမှုရေးမတည်ငြိမ်မှုနဲ့ နိုင်ငံရေးပဋိပက္ခတွေဆီ ဦးတည်သွားတတ်တဲ့ သာဓကတွေလည်းရှိခဲ့ပါတယ်။ လက်ရှိ အကျပ်အတည်းကြောင့် နိုင်ငံပေါင်း ၃၀ ကျော်မှာ အကြမ်းဖက်မှုတွေနဲ့ လူမှုရေးလှိုင်းဂယက်တွေထန်ခဲ့ရပြီး အနည်းဆုံး ရွေးကောက်ခံ အစိုးရတစ်ဖွဲ့ကို ပြုတ်ကျစေခဲ့ပါတယ်။ ၂၀၀၇ ခုနှစ် တစ်နှစ်တည်းမှာပင် စားနပ်ရိက္ခာအကျပ်အတည်းကြောင့် ကမ္ဘာ့လူဦးရေ ၇၅သန်းဟာ အာဟာရချို့တဲ့သွားခဲ့ရပါတယ်။ ငတ်မွတ်ခေါင်းပါးမှုနဲ့ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေး တိုက်ပွဲတွေမှာ ခဲရာခဲဆစ် အောင်ပန်းဆင်နိုင်ခဲ့တဲ့ နိုင်ငံ အတော်များများမှာတောင် အခြေအနေဟာ ပြောင်းပြန်ဖြစ်ခဲ့ရပါတယ်။ ထောင်စုနှစ်ရည်မှန်းချက်အောင်မြင်ဖို့ ကြိုးစားနေကြတဲ့ အချို့နိုင်ငံတွေရဲ့စွမ်းဆောင်ချက်ကလည်း ပိုပြီးသံသယဖြစ်စရာကောင်းလာပါတယ်။ ကမ္ဘာ့နိုင်ငံပေါင်း ၆၀ကျော်ဟာ စားနပ်ရိက္ခာ ထုတ်လုပ်မှုမြှင့်တင်ဖို့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းရဲ့ အကူအညီ အထောက်အပံ့တွေကို လက်ခံနေကြရပါတယ်။

**ကမ္ဘာ့ခေါင်းဆောင်တွေဟာ စားနပ်ရိက္ခာဖူလုံမှုအပေါ် ကြီးထွားလာတဲ့ ခြိမ်းခြောက်မှုတွေကို နှစ်အတန်ကြာကတည်းက သတိထားမိကြပြီးဖြစ်ပါတယ်။ မကြာသေးမီက ဒီလိုကြီးထွားလာတဲ့ အန္တရာယ်တွေကို ရင်ဆိုင်ဖြေရှင်းဖို့အတွက် ခြေလှမ်းတွေ စတင်လိုက်ပါတယ်။ ၂၀၀၈ခုနှစ် ဇွန်လမှာပဲ နိုင်ငံ့ခေါင်းဆောင် ၄၀ အပါအဝင် နိုင်ငံပေါင်း ၁၈၁နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့တဲ့ ရောမစားနပ်ရိက္ခာဖူလုံရေး ထိပ်သီးညီလာခံမှာ ဒေါ်လာ၁၁ဘီလီယံကို ကတိကဝတ်ပြုခဲ့ကြပါတယ်။ ဒီငွေကြေးတွေကို စားနပ်ရိက္ခာလိုအပ်နေသူတွေအတွက် အရေးပေါ် စားနပ်ရိက္ခာအကူအညီပေးရေးနဲ့ သီးနှံထုတ်လုပ်မှုမြှင့်တင်ရန်အတွက် စိုက်ပျိုးရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံရေးနှင့် စိုက်ပျိုးရေးကဏ္ဍ ပြန်လည်ဦးမော့လာရေးအတွက် အသုံးပြုမှာဖြစ်ပါတယ်။ များပြောင်လှတဲ့ လိုအပ်ချက်တွေကို ဖြည့်ဆည်းဖို့ ကြိုးစားခြင်းဟာ ကြီးမားတဲ့ပြဿနာတစ်ရပ် မဟုတ်ပါဘူး။ ဒါဟာ တစ်ကမ္ဘာလုံးအတွက် ကောင်းသော စတင်ခြင်းတစ်ရပ်ပါ။**

ဒီလိုကတိကဝတ်တွေကို မစောင့်ထိန်းကြတာဟာ ယနေ့မျက်မှောက်ကာလရဲ့ စိန်ခေါ်မှုပါ။ ဒေါ်လာဘီလီယံ ရာပေါင်းများစွာကို ချည့်နဲ့နေတဲ့ ဘဏ္ဍာရေးအဖွဲ့အစည်းတွေကို ကယ်တင်ဖို့ အသုံးပြုရန်ကလွဲပြီး အစိုးရတွေမှာ ရွေးချယ်စရာ သိပ်မရှိလှပါဘူး။ သို့သော်လည်း သူတို့အတွက် ရွေးချယ်ရခက်နေပါတယ်။ အချို့သော နိုင်ငံတွေအနေနဲ့ ဒီအခြေအနေကို ဖြေရှင်းဖို့အတွက် အခြားအစီအစဉ်တွေက ရန်ပုံငွေတွေကို ဖြတ်တောက်ရမှာဖြစ်ပါတယ်။ အစိုးရအသုံးစရိတ်တွေထဲက ရေပန်းစားမှု အနည်းဆုံးထဲက တစ်ခုကတော့ နိုင်ငံခြားအကူအညီပါပဲ။ ပြည်သူတွေ မေးလေ့မေးထရှိတဲ့ မေးခွန်းတစ်ခုကလည်း ကိုယ့်ပြည်တွင်းမှာ အခြေအနေတွေ ကျပ်တည်းနေတဲ့ကြားက ဖွံ့ဖြိုးဆဲနိုင်ငံတွေက ဆင်းရဲနွမ်းပါးတဲ့တောင်သူတွေကို ဘာကြောင့် ငွေကြေးထောက်ပံ့နေမှာလဲဆိုတာပါပဲ။ အဖြေကို ရှင်းရှင်းလင်းလင်း ကြည့်ကြပါစို့။

ဒါဟာတကယ်တော့ ဖွံ့ဖြိုးဆဲနိုင်ငံတွေက တောင်သူတွေရဲ့ ပြဿနာတစ်ခုတည်းလို့ ယူဆလို့မရပါဘူး။ လူတိုင်းရဲ့ပြဿနာပါ။ ယနေ့ခေတ်သစ်ကြီးထဲမှာ တိုင်းပြည်တစ်ပြည်ဟာ ကြွယ်ဝချမ်းသာနေပေမယ့် စားနပ်ရိက္ခာဖူလုံပြီလို့မဆိုသာပါဘူး။ အချမ်းသာဆုံးနိုင်ငံကြီးတွေတောင် စားနပ်ရိက္ခာအမြောက်အမြားတင်သွင်းနေရတာပါပဲ။ ပြည်ပကိုဆန်တင်ပို့တဲ့နိုင်ငံတွေလည်း တခြားနိုင်ငံတွေဆီကဂျုံတွေတင်သွင်းဖို့လိုအပ်နေတုန်းပါပဲ။ ဒီနေရာမှာ ကမ္ဘာကြီးဟာ ကိုင်းကျွန်းမှီကျွန်းကိုင်းမှီ အပြန်အလှန်မှီတည်နေတယ်ဆိုတာပါပဲ။ ဒါ့ကြောင့် ဒီပြဿနာဟာ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဖြေရှင်းမှုရမယ့်ပြဿနာပါ။ ဒီတော့ရောမမြို့မှာ ထားရှိခဲ့တဲ့ ကတိကဝတ်တွေကို မဖြစ်မနေဖြည့်ဆည်းရပါမယ်။ အချိန်မီကို ဖြည့်ဆည်းရမှာပါ။

စားနပ်ရိက္ခာဈေးနှုန်းကျဖို့အတွက် စားနပ်ရိက္ခာထုတ်လုပ်မှုကို မြှင့်တင်ရပါလိမ့်မယ်။ ကမ္ဘာ့ပြည်သူတွေရဲ့ ကြီးထွားလာတဲ့လိုအပ်ချက်တွေကိုပြည့်မီအောင် ရိက္ခာတွေထုတ်လုပ်ဖို့အတွက် စိုက်ပျိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတွေကို မဖြစ်မနေတိုးချဲ့ရမှာပါ။ မြေဩဇာကြွယ်ဝတဲ့ ရိက္ခာထုတ်လုပ်ရာဒေသတွေမှာ မိုးခေါင်ခြင်း၊ ရေကြီးခြင်းတွေ တိုးမြင့်လာမှုရဲ့နောက်ကွယ်မှာ ရာသီဥတုပြောင်းလဲမှုဟာ အဓိကအကြောင်းတရားတစ်ခုဖြစ်လို့နေပါတယ်။ ထောက်ပံ့ငွေတွေနဲ့ ကုန်သွယ်မှုအတားအဆီးတွေဟာ ဈေးကွက်ကို ကမောက်ကမဖြစ်စေပြီး ထုတ်လုပ်ရေးနဲ့ ဖြန့်ဖြူးရေးတွေမှာ ထိရောက်မှုကို ကျဆင်းစေပါတယ်။

စားနပ်ရိက္ခာထုတ်လုပ်မှု ကျဆင်းရခြင်းရဲ့ အဓိကအကြောင်းတရားကတော့ ဖွံ့ဖြိုးဆဲကမ္ဘာက လယ်သမားအများစုဟာ သူတို့အစွမ်းအစရှိသလောက် ထုတ်လုပ်နိုင်ခွင့်မရကြလို့ပါဘဲ။သူတို့မှာ နှစ်စဉ်နှစ်တိုင်း အသီးအနှံအမြောက်အမြား စိုက်ပျိုးပြီး အမြောက်အမြား ရိတ်သိမ်းနိုင်စွမ်း ရှိကြပါတယ်။ ကံမကောင်းစွာနဲ့ပဲ သူတို့မှာ ဒီလိုလုပ်ကိုင်ဖို့အတွက် နည်းပညာ၊ ပစ္စည်းကိရိယာနဲ့ အခြေခံအဆောက်အအုံတွေက ဗလာနတ္ထိဖြစ်နေကြပါတယ်။ ရင်းနှီးမြှုပ်နှံမှုနဲ့ အထောက်အပံ့တွေ ရရှိမှသာလျှင် ဒီပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပြီး ကျွန်ုပ်တို့အားလုံးအတွက် သင့်တင့်တဲ့ ဈေးနှုန်းနဲ့ ရိက္ခာတွေ ဖူလုံအောင် ထုတ်လုပ်နိုင်မှာဖြစ်ပါတယ်။

စိုက်ပျိုးရေးကဏ္ဍ အောင်မြင်ဖြစ်ထွန်းမှုဟာ လူ့အဖွဲ့အစည်း အတော်များများအတွက် အခြားကောင်းကျိုးတစ်ခုကိုလည်း ဆောင်ကြဉ်းပေးနိုင်ပါတယ်။ အဲဒါကတော့ လူမှုဖူလုံရေးပါပဲ။ ၁၉၉၀ပြည့်နှစ်နောက်ပိုင်း အာရှအကျပ်အတည်း စတင်ဖြစ်ပေါ်ချိန် စက်ရုံတွေပိတ်ပြီး အလုပ်အကိုင်တွေမဲ့သွားတော့ မြို့ကြီးပြကြီးတွေကို ရွှေ့ပြောင်းလုပ်ကိုင်ကြတဲ့ ကျေးလက်ပြည်သူအတော်များများဟာ သူတို့ရဲ့ ကျေးရွာတွေနဲ့ လယ်ယာလုပ်ငန်းခွင်တွေဆီကို ပြန်လည်ခြေဦးလှည့်ခဲ့ကြပါတယ်။ အဲဒီမှာ အရင်းအမြစ်တွေကလည်း အလျှံပယ်၊ ဝေမျှစရာရိက္ခာတွေကလည်း ရှိနေပါသေးတယ်။ အစိုးရတွေက စက်မှုကဏ္ဍတွေမှာ ရင်းနှီးမြှုပ်နှံဖို့ အလေးထားဆောင်ရွက်လာကြတဲ့အခါ စိုက်ပျိုးရေးမှာ မြှုပ်နှံထားကြရတဲ့ သူတို့ရဲ့ဘဝတွေဟာ ပို၍ပို၍ ခက်ခဲလာခဲ့ရပါတယ်။

**ဖွံ့ဖြိုးဆဲနိုင်ငံက အစိုးရတွေဟာ ကိုယ်လုပ်စရာရှိတာတွေကို မဖြစ်မနေလုပ်ကြရတော့မှာပါ။ အခြေခံအဆောက်အအုံတွေ ဖွံ့ဖြိုးဖို့နဲ့ ထုတ်လုပ်မှုမြှင့်တင်ဖို့ အရင်းအနှီးတွေကို ဖွံ့ဖြိုးဆဲနိုင်ငံတွေကပဲ စိုက်ထုတ်ရမှာပါ။ ရေရှည်ဖွံ့ဖြိုးတိုးတက်ပြီး ကျွန်ုပ်တို့ကို မတောင့်မတ မကြောင့်မကြနေနိုင်စေဖို့ စိုက်ပျိုးရေးကို ကျားကန်ပေးမယ့် မူဝါဒတွေ အရေးပေါ်ရေးဆွဲဖို့ လိုအပ်နေပါပြီ။**

ဒါကို ဘယ်နိုင်ငံကမှ တစ်ကိုယ်တော်မစွမ်းဆောင်နိုင်ပါဘူး။ ပူးပေါင်းဆောင်ရွက်မှုတွေလိုအပ်ပြီး အလှူရှင်တွေအနေနဲ့လည်း ရောမနဲ့ အခြားနေရာတွေမှာ ထားရှိခဲ့တဲ့ နိုင်ငံရေးကတိကဝတ်တွေနဲ့ တရားဝင်ဖွံ့ဖြိုးရေးအကူအညီတွေကို နှောင့်နှေးကြန့်ကြာခြင်းမရှိဘဲ မပျက်မကွက် ဖြည့်ဆည်းပေးရပါမယ်။ဘဏ္ဍာရေး၊ စားနပ်ရိက္ခာနဲ့လောင်စာဆီပြဿနာတွေဟာ တစ်ပြိုင်တည်းလိုလို ဖြစ်ပေါ်လာတာကြောင့် ကမ္ဘာနဲ့အဝန်း တစ်မုဟုတ်ချင်း ပျံ့လွင့်ရိုက်ခတ်လာနိုင်ပါတယ်။ ဒါကို တုံ့ပြန်ကာကွယ်ဖို့ ကြိုးစားတဲ့နေရာမှာ ဘဏ်လုပ်ငန်းရှင်တွေနဲ့ လယ်သမားတွေရယ်လို့ ခွဲခြားလို့ မရပါဘူး။ ဘဏ္ဍာရေးမှာ လုပ်ကိုင်သူတွေ အမှားတွေကျူးလွန်ခဲ့သလို စိုက်ပျိုးရေးကဏ္ဍမှာ လုပ်ကိုင်သူတွေအတွက် အမှားမကျူးလွန်မိစေဖို့ လိုပါတယ်။ ဒီတော့ ကျွန်ုပ်တို့အနေနဲ့ သူတို့ရဲ့ အောင်မြင်မှုအတွက် ပစ္စည်းကိရိယာတွေ တပ်ဆင်ပေးရပါမယ်။ အောင်မြင်မှုအတွက် မျိုးစေ့တွေချပေးရပါမယ်။ သူတို့အောင်မြင်မှုဟာ ကျွန်ုပ်တို့ရဲ့ စားပွဲပေါ်ကို စားသောက်ဖွယ်ရာတွေ ဆောင်ကြဉ်းလာပါလိမ့်မယ်။ သူတို့ရဲ့လုပ်ငန်းက အသီးအပွင့်တွေဟာ ကျွန်ုပ်တို့ဘဝရဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းတွေ ဖြစ်လာပါလိမ့်မယ်။ ။

**စားနပ်ရိက္ခာဈေးနှုန်းကျဖို့အတွက် စားနပ်ရိက္ခာထုတ်လုပ်မှုကို မြှင့်တင်ရပါလိမ့်မယ်။ ကမ္ဘာ့ပြည်သူတွေရဲ့ ကြီးထွားလာတဲ့လိုအပ်ချက်တွေကို ပြည့်မီအောင် ရိက္ခာတွေထုတ်လုပ်ဖို့အတွက် စိုက်ပျိုးရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံမှုတွေကို မဖြစ်မနေ တိုးချဲ့ရမှာပါ။**




**(၁၅)ကြိမ်မြောက် ကျုံမငေးအသင်း အာစရိယပူဇော်ပွဲ၊ မိတ်ဆုံစားပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲကို နိုဝင်ဘာ ၁၃ ရက်က ကျင်းပရာ အမှုဆောင်များနှင့် ဆုရကျောင်းသား၊ ကျောင်းသူများအား တွေ့ရစဉ်။** (ကြေးမုံ)

**ဒီဇင်ဘာ ၁၉ ရက်က ၂၀၀၈ ခုနှစ် (၄၁)ကြိမ်မြောက် ဌာနပေါင်းစုံ ပြေးခုန်ပစ် ပြိုင်ပွဲတွင် နှစ်နှစ်ဆက်တိုက် တံခွန်စိုက်ဗိုလ် ဆွတ်ခူးခဲ့သော သက်ကြီး၊ သက်ငယ် တပ်မတော်ကာကွယ်ရေး ပြေးခုန်ပစ်အသင်းအား တွေ့ရစဉ်။**

(အဖွဲ့ချုပ်)







# သတ္တုတွင်းဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

**သတ္တုတွင်းဝန်ကြီးဌာန ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန သီရိရတနာခန်းမ၌ ယမန်နေ့ နံနက် ၉ နာရီတွင် ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်က အဖွင့်အမှာစကားပြောကြားသည်။** (အပေါ်ပုံ)

ထို့နောက် ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် အထွေထွေမန်နေဂျာများက လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့် လျာထားချက်များ ပြည့်မီကျော်လွန်စွာ ထုတ်လုပ်နိုင်ရေး ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးက ဌာနအလိုက် သတ်မှတ်လျာထားချက် ပြည့်မီကျော်လွန်အောင် ဆက်လက်ဆောင်ရွက်ရမည့်အစီအမံများနှင့်ဝန်ထမ်းများ၏ အရည်အသွေး မြှင့်မားတိုးတက်ရေး၊ ဝန်ထမ်းများ သက်သာချောင်ချိရေးအတွက် လက်ရှိစိုက်ပျိုးမွေးမြူမှုများကို ပိုမိုတိုးချဲ့ဆောင်ရွက်ရေးကိစ္စများကို မှာကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကိုရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

# မဲခေါင်ဒေသ ခြောက်နိုင်ငံ သတင်းအချက်အလက် ဆက်သွယ်ရေး ညှိနှိုင်းအစည်းအဝေးများ ကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၂၀

မဲခေါင်ဒေသ ခြောက်နိုင်ငံဖြစ်သော မြန်မာ၊ ကမ္ဘောဒီးယား၊ တရုတ်၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံများမှ ဆက်သွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်သည့် (၈)ကြိမ်မြောက် မဲခေါင်ဒေသနိုင်ငံများ သတင်းအချက်အလက် ဆက်သွယ်ရေးအမြန်ဆက်ကြောင်း တည်ဆောက်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (GMS Information Superhighway Implementation Group Meeting No.8)ကို ဒီဇင်ဘာ ၁၆ ရက်မှ ၁၇ရက်အထိလည်းကောင်း၊ (၄)ကြိမ်မြောက် မဲခေါင်ဒေသနိုင်ငံများ သတင်းအချက်အလက် ဆက်သွယ်ရေးအမြန်ဆက်ကြောင်း လုပ်ငန်းလမ်းညွှန်အဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (GMS Information Superhighway Steering Group Meeting No. 4) ကို ဒီဇင်ဘာ ၁၈ ရက်မှ ဒီဇင်ဘာ ၁၉ ရက်အထိလည်းကောင်း၊ နေပြည်တော်ရှိ ရွှေနန်းတော်ဟိုတယ်၌ ကျင်းပရာ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အဖွင့်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါ အစည်းအဝေးများတွင် မဲခေါင်ဒေသတွင်း ခြောက်နိုင်ငံအကြား မြန်နှုန်းမြင့် သတင်းအချက်အလက် ဆက်သွယ်ပေးပို့ဖလှယ်နိုင်မည့် နယ်စပ်ဖြတ်ကျော် ဖိုင်ဘာဆက်ကြောင်းများ တည်ဆောက်ပြီးစီးသည့်တိုးတက်မှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများ၊ အဆိုပါဆက်ကြောင်းများ ဖွင့်လှစ်လိုက်ခြင်းမှရရှိလာမည့် ဒေသတွင်းပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေများကို ဆွေးနွေးကြသည်။ ဆက်လက်၍ ဒုတိယအဆင့် မဲခေါင်ဒေသနိုင်ငံများ သတင်းအချက်အလက် ဆက်သွယ်ရေး အမြန်ဆက်ကြောင်း စီမံကိန်းကိုဆောင်ရွက်ရန် အရေးကြီးကြောင်းနှင့် အဆိုပါစီမံကိန်းကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ကြရန်ဖြစ်ကြောင်းဖြင့် သုံးသပ်ဆွေးနွေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ မြစ်ကြီးနားမြို့ရှိ Northern Star Golf Club ၌ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မြန်မာနိုင်ငံ ဂေါက်သီးရိုက်အဖွဲ့ချုပ်နှင့် Myanmar PGA တို့ကကြီးမှူး၍ တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲကို ၂၀၀၉ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၅ ရက်အထိ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ Northern Star Golf Club ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ Professional အဆင့်နှင့် အပျော်တမ်းအဆင့် (Handicap 0-12) အဆင့်ရှိသူများသာ ပါဝင်ယှဉ်ပြိုင်ခွင့်ပြုသည်။ အသင်းလိုက် အကျော့ပေးပြိုင်ပွဲ တွင် လေးဦး ပါဝင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး တစ်ဦးမှာ (Handicap 0-2) အဆင့်ရှိ၍ သုံးဦးမှာ (Handicap 0-18) အဆင့်ရှိသူများ ဖြစ်ရမည်ဖြစ်သည်။

အသက်(၅၅)နှစ်အထက် သက်ကြီးတန်းပြိုင်ပွဲကိုလည်း ထည့်သွင်းကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူးဥပဒေသအတိုင်းနှင့် ဒေသန္တရစည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်ပြီး ပြိုင်ပွဲတွင် (Hole-In-One)ဆု ရရှိသူများအား ထိုက်ထိုက်တန်တန်ဆုများ ချီးမြှင့်မည်ဖြစ်သည်။

ယင်းပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက် အားကစားသမားများသည် ဒီဇင်ဘာ ၃၁ ရက် မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ မြန်မာဂေါက်သီးရိုက် လေ့ကျင့်ရေးကွင်း (၉)မိုင် ဖုန်း-၀၁-၆၅၁၃၇၄၊ ၀၉-၂၀၃၇၆၇၁၊ ၀၉-၅၀၁၇၀၄၉ နှင့် Northern Star Golf Club တို့၌ အမည်စာရင်း ပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)



# ပြည်သူ့ထံမှ ပေးစာများ

## ကျူးကျော်ဈေးရောင်း အမှိုက်များစုပုံ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဒေါပုံမြို့နယ် ဇေယျာသီရိရပ်ကွက် ရတနာဈေးအနီးရှိ အောင်သစ္စာလမ်းနှင့် ရတနာလမ်းတစ်လျှောက်တွင် လမ်းမပေါ်အထိ ကျူးကျော်ဈေး ရောင်းချလျက်ရှိရာ ယာဉ်များနှင့် လမ်းသွားလမ်းလာများ ကောင်းစွာ မောင်းနှင်သွားလာ၍ မရပါ။ ထို့အပြင် ဈေးသည်များ စည်းကမ်းမဲ့စွန့်ပစ်သော အမှိုက်နှင့် အညစ်အကြေးများကြောင့် ပတ်ဝန်းကျင်နေသူများသည် အနံ့ဆိုးများကို ရှူရှိုက်နေကြရပါသည်။

သို့ဖြစ်ပါ၍ လိုအပ်သလို စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဒေါပုံသား**

## ဆိုက်ကားဂိတ်နှင့် ကွမ်းယာဆိုင်ကြောင့် လမ်းပိတ်ဆို့

**စာတည်းရှင့်-**

ရန်ကုန်မြို့ တာမွေမြို့နယ် ဘိုးလိန်း အောင်မင်္ဂလာရပ်ကွက် ယုဇနပလာဇာအနီး ယုဇနလမ်းနှင့် နှင်းဆီလမ်းထောင့်ရှိ ဆိုက်ကားဂိတ်နှင့် လမ်းပေါ်အထိ ကျူးကျော်ရောင်းချနေသော ကွမ်းယာဆိုင်များကြောင့် ယာဉ်သွားလာမှု ပိတ်ဆို့နေပါသည်။ ထို့အပြင် ဆိုက်ကားဂိတ်၌ ခရီးသည်လုတင်ခြင်း၊ လမ်းသွားလမ်းလာများအား နောက်ပြောင်ကြခြင်းတို့ကြောင့် ခရီးသွားများ စိတ်အနှောင့်အယှက် ဖြစ်နေကြရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ ဆိုက်ကားဂိတ်နှင့် ကျူးကျော်ဆိုင်များအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။ **ရပ်ကွက်သူတစ်ဦး**

## ပြည်သူ့ထံမှ ပေးစာများ ပေးပို့လိုပါလျှင်

**ပြည်သူ့ထံမှပေးစာ ကဏ္ဍသို့ ပေးပို့လိုပါက ပေးပို့သူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ နေရပ်လိပ်စာ အပြည့်အစုံ ရေးသားဖော်ပြ၍ ပြည်သူ့ထံမှပေးစာကဏ္ဍ၊ ကြေးမုံသတင်းစာတိုက်၊ အမှတ်(၇၇)၊ (၅၂)လမ်း (မဟာဗန္ဓုလလမ်းထောင့်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လိပ်မူပေးပို့နိုင်ပါသည်။**

## မှန်လုပ်ငန်း ကျောက်မှုန့်ပွတ်တိုက်သံ နားမခံသာ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဗိုလ်စိန်မှန်ရပ်ကွက် ဗိုလ်ထွန်းလင်းလမ်းနှင့် ဗိုလ်လက်ျာလမ်းထောင့်၌ရှိ အိမ်တစ်အိမ်တွင် မှန်လုပ်ငန်း လုပ်ကိုင်လျက်ရှိရာ မှန်အကြည်မှ မှန်အနောက်ဖြစ်စေရန် ကျောက်မှုန့်ဖြင့် ပွတ်တိုက်သော အသံကြောင့် ပတ်ဝန်းကျင်နေသူများ နားမခံသာဖြစ်ကြရပါသည်။ ထို့အပြင် ရေမြောင်းနှင့် နောက်ဖေးလမ်းကြားတို့တွင် မှန်ထည့်သော သေတ္တာများ၊ ကောက်ရိုးများထားရှိသောကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသည်။ သို့ဖြစ်ပါ၍ အဆိုပါလုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**နားမခံသာသူ**

## ကျူးကျော်အဆောက်အအုံ ဖယ်ရှားပေးစေလို

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် (၈)ရပ်ကွက် အောင်မြေလမ်း ရေကူးဘူတာအနီးရှိ ပေနှစ်ဆယ်ပတ်လည်လူနေအဆောက်အအုံ နှစ်လုံးတွင် နေထိုင်သူများသည် ပတ်ဝန်းကျင်အမြင်မတော်သော နေထိုင်ပြုမူမှုများ ပြုလုပ်နေသဖြင့် ပတ်ဝန်းကျင်နေသူများ စိတ်အနှောင့်အယှက်ဖြစ်ကြရပါသည်။

သို့ဖြစ်ပါ၍ အဆိုပါကျူးကျော်အဆောက်အအုံအား ဖယ်ရှားပေးပါရန် တင်ပြအပ်ပါသည်။

**ရပ်ကွက်သားတစ်ဦး**

## ငမိုးရိပ် စံပြဈေးအိမ်သာ သန့်ရှင်းမှုရှိစေချင်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ သယ်န်းကျွန်းမြို့နယ် ငမိုးရိပ်စံပြဈေးကြီးတွင် ဆိုင်ခန်းပေါင်း ၁၀၀၀ ကျော်ရှိပြီး ဈေးသည်၊ ဈေးဝယ်များစွာ ရောင်းဝယ်ဖောက်ကားလျက် ရှိပါသည်။ သို့သော် အဆိုပါ ဈေးကြီးရှိ အိမ်သာမှာ တစ်နေ့လုံး ရေမရပါသဖြင့် အညစ်အကြေးများနှင့် အနံ့ဆိုးများ ထွက်ပေါ်နေပါသည်။

သို့ဖြစ်ပါ၍ ဈေးအိမ်သာများ ရေလုံလုံလောက်လောက်ဖြင့် သန့်ရှင်းစွာ အသုံးပြုနိုင်ရေး စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**ဈေးသူ၊ ဈေးသားများ**

## သံပန်း၊ သံတံခါးဂဟေဆော် အနံ့ဆိုးထွက်ပေါ်

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် စစ်တောင်းရိပ်မွန်ရတနာလမ်းတွင် သံပန်း၊ သံတံခါးနှင့်ရေတိုင်ကီဖြတ်သော လုပ်ငန်းတစ်ခုရှိရာ သံချောင်းများ ဂဟေဆော်ခြင်း၊ ရေတိုင်ကီများ ဖြတ်တောက်ခြင်း လုပ်ကိုင်ရာမှ ထွက်ပေါ်လာသော အနံ့ဆိုးများကြောင့် ပတ်ဝန်းကျင်နေသူများ ကျန်းမာရေး ထိခိုက်စေပါသည်။ ထို့အပြင် ဂဟေဆော်စဉ် မီးပွားများ ထွက်ပေါ်နေသောကြောင့် မီးဘေးအန္တရာယ် စိုးရိမ်ရပါသဖြင့် အဆိုပါ လုပ်ငန်းအား စိစစ်ဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါသည်။

**အိမ်ရာနေသူများ**

## ခွေးလေခွေးလွင့်များ ရှင်းလင်းပေးပါ

**စာတည်းခင်ဗျား-**

ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်လေး မြောက်ပိုင်းရပ်ကွက်တွင် ခွေးလေခွေးလွင့်များ ပေါများနေပါသဖြင့် ကလေးသူငယ်များ၊ လမ်းသွားလမ်းလာများ မကြာခဏ ခွေးကိုက်ခံကြရပါသည်။

သို့ဖြစ်ပါ၍ ခွေးကိုက်မည့်အန္တရာယ်မှ ရှင်းလင်းပေးပါရန် တင်ပြအပ်ပါသည်။ **ခွေးကြောက်သူများ**

## ဖွဲ့ပြာများ ပုံ့လွင့်မှုဆောင်ရွက်ပြီးစီး

၂၃-၁၁-၂၀၀၈ ရက်ထုတ် ကြေးမုံသတင်းစာပါ ကျောက်တန်းမြို့ ရွှေကုန်းရပ်ကွက် အောင်မင်္ဂလာ ၆လမ်းမှ **မီးခိုးခေါင်းတိုင်မှ ဖွဲ့ပြာများ ပျံ့လွင့်** ပေးစာနှင့်စပ်လျဉ်း၍ ဆောင်ရွက်ပြီးဖြစ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**မြို့နယ်စည်ပင်**

# ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက် ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲ

ရန်ကုန် ဒီဇင်ဘာ ၂၀

**ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၉ ရက် ညနေ ၃ နာရီခွဲတွင် မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီ(ရုံးချုပ်) အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် တက်ရောက်အမှာစကားပြောကြားသည်။**

ထို့နောက် တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြရာ တိုင်းမှူးက လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဒီဇင်ဘာ လူထုအားကစားလ တတိယပတ် စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့ နံနက်ပိုင်းတွင် လူငယ်အားကစား လေ့ကျင့်ရေးစခန်း (သုဝဏ္ဏ)၌ ကျင်းပရာ တိုင်းမှူးနှင့်ဇနီး၊ အဖွဲ့ဝင်များသည် တပျော်တပါး စုပေါင်းလမ်းလျှောက်ကြပြီး ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် လမ်းမတော်မြို့နယ်အတွင်းရှိ နိုင်လွန်ကတ္တရာလမ်းသစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မင်္ဂလာတောင်ညွန့်မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောရောဂါကြိုတင်ကာကွယ်ရေး၊ပတ်ဝန်းကျင်သန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ကြည့်မြင်တိုင်မြို့နယ်အတွင်းရှိ စက်ဆန်းနှင့် အလတ်ချောင်းရပ်ကွက်များသို့ သွားရောက်၍ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)




**ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့် ဒီဇင်ဘာလူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲတွင် ပြည်သူများနှင့်အတူ ပါဝင်ဆင်နွှဲစဉ်။** (သတင်းစဉ်)

# ဒိုးကွင်စိုက်ပျိုးရေးခြံအတွင်း ဆေးဖက်ဝင်သစ်ခွများ စီးပွားဖြစ်စိုက်ပျိုးထားမှုများ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၀

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဒီဇင်ဘာ ၁၈ ရက် နံနက် ၁၀ နာရီတွင် မန္တလေးတိုင်း ပြင်ဦးလွင်ခရိုင် ပြင်ဦးလွင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒိုးကွင်စိုက်ပျိုးရေးခြံအတွင်း ဆေးဖက်ဝင်သစ်ခွများ စိုက်စနစ်အမျိုးမျိုးဖြင့် စီးပွားဖြစ် စိုက်ပျိုးထားမှုများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။**

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးသည် ဒိုးကွင်စိုက်ပျိုးရေးခြံမှ ထုတ်လုပ်ဖြန့်ဝေလျက်ရှိသော ဆေးဖက်ဝင် သစ်ခွမျိုးများ၊ တီကောင်မြေဩဇာထုတ်လုပ်မှု၊ မှန်အိမ်အတွင်း တစ်သျှူးနည်းဖြင့် ဆေးဖက်ဝင်သစ်ခွများ မျိုးပွား စိုက်ပျိုးထားမှု၊ ပလတ်စတစ်ရုံအတွင်း မြေမဲ့အာဟာရဖျော်ရည်ဖြင့် ဟင်းသီးဟင်းရွက်နှင့် စတော်ဘယ်ရီပင်များ စိုက်ပျိုးထားမှု၊ သစ်ခွရုံများဖြင့် ဆေးဖက်ဝင်သစ်ခွများအား စိုက်နည်းစနစ်မျိုးစုံဖြင့် မျိုးပွား စိုက်ပျိုးထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် နည်းလမ်းများရှာကြံ၍ တီထွင်ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို မှာကြားသည်။ (သတင်းစဉ်)



**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး ပြင်ဦးလွင်မြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဒိုးကွင်စိုက်ပျိုးရေးခြံအတွင်း ဆေးဖက်ဝင်သစ်ခွများ စိုက်စနစ်အမျိုးမျိုးဖြင့် စီးပွားဖြစ် စိုက်ပျိုးထားမှုများကို ကြည့်ရှုစစ်ဆေးစဉ်။** (သတင်းစဉ်)

# ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါ အခွန်လွတ်ဈေးများ ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၂၀**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါသည် ယနေ့နံနက်ပိုင်းတွင် ကမာရွတ်မြို့နယ် ဟံသာဝတီ အခွန်လွတ်ဈေး၊ လှိုင်သာယာမြို့နယ် အမှတ်(၈)ရပ်ကွက်ရှိ အခွန်လွတ်ဈေး၊ ရွှေပြည်သာမြို့နယ် သီရိမင်္ဂလာပတ်လမ်းရှိ အခွန်လွတ်ဈေးများသို့ သွားရောက်၍ တည်ခင်းရောင်းချလျက်ရှိသော ဆန်အရောင်းဆိုင်၊ စားအုန်းဆီအရောင်းဆိုင်၊ ဝင်းသူဇာအရောင်းဆိုင်၊ ကုန်ခြောက်ဆိုင်၊ ဟင်းသီးဟင်းရွက်၊ ကြက်၊ ငါးမွေးမြူရေး အထူးဇုန်အရောင်းဆိုင်၊ ဟင်းသီးဟင်းရွက်သား၊ ငါး အရောင်းဆိုင်၊ ပင်လယ်ငါးအရောင်းဆိုင်၊ ရေချို ရေငန်ငါးအရောင်းဆိုင်၊ လူသုံးကုန်ပစ္စည်းအရောင်းဆိုင်၊ ကုန်ခြောက်ပစ္စည်းအရောင်းဆိုင်၊ သစ်သီးဝလံပန်းမန်အရောင်းဆိုင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အခွန်လွတ်ဈေး၏ စည်းကမ်းချက်များဖြစ်သည့် သန့်ရှင်း လတ်ဆတ်စေရေး၊ ဈေးနှုန်းသက်သာစေရေး၊ အလေးချိန်ခွင်မှန်ကန်မှုရှိစေရေး၊ စည်းကမ်းတကျရှိစေရေး၊ ဈေးဝယ်သူများစိတ်ချမ်းသာစေရေး စသည့် စည်းကမ်းနှင့်အညီ ဆောင်ရွက်ရေး အထူးအလေးပေး မှာကြားခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

# Verbatim Product များ ဈေးကွက်မိတ်ဆက်ပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

**Verbatim Product များ ဈေးကွက်အတွင်း စတင်မိတ်ဆက်သော အခမ်းအနားကို ဒီဇင်ဘာ ၂၀ ရက် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့ Traders Hotel ကုန်းဘောင်၊ တကောင်းခန်းမ၌ ကျင်းပရာ ဦးသောင်းတင်(Chairman & CEO KMD Group of Companies) က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး Mr. Tan Teow Seng (Manager, South Asia, Verbatim Marketing, Singapore) က Verbatim Product များအကြောင်းကို ရှင်းလင်းတင်ပြသည်။**

Verbatim Company ကို ၁၉၆၉ တွင် စတင်တည်ထောင်ခဲ့ပြီး Data Storage Technology နှင့် ပတ်သက်သော နိုင်ငံတကာ ဈေးကွက်ကို ဦးဆောင်နေသည့် အဖွဲ့အစည်းတစ်ခုအဖြစ် နှစ်ပေါင်း (၃၀)ကျော် ရပ်တည်နိုင်ခဲ့ပြီး ဖြစ်ကြောင်း၊ ISO Certification ကို ပထမဦးဆုံး လက်ခံရရှိခဲ့သော Media Company ဖြစ်ကြောင်း၊ Mitsubishi Chemical Corporation ၏ subsidiary အဖွဲ့အစည်းတစ်ခုဖြစ်ပြီး Data Storage နှင့် ပတ်သက်သော နည်းပညာအသစ်များဖြင့် ဈေးကွက်ကို ဦးဆောင်နိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

ယခုနောက်ပိုင်းတွင် Notebook အသုံးပြုသူများလာပြီး USB Hard Disk Drive များကို တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြပြီဖြစ်သည်။ USB Hard Disk Drive များကို အသုံးပြုသောအခါ အဆင်ပြေစေရန်အတွက် အသုံးပြုသော Disk, Case နှင့် Software သုံးမျိုး လိုက်လျောညီထွေဖြစ်ရန် အလွန်အရေးကြီးကြောင်းနှင့် Verbatim USB Hard Disk Drive များတွင် Case ပါပြီးဖြစ်သည့်အပြင် လိုင်စင် Software ပါ ပါသဖြင့် အသုံးပြုသူများကို အထူးစိတ်ကျေနပ်စေမည်ဖြစ်ကြောင်း၊ အရည်အသွေးကောင်းမွန်သော Verbatim Pen Drive များကို ထုတ်လုပ်ဖြန့်ချိပေးလျက်ရှိကြောင်း သိရှိရသည်။

Verbatim ကုန်ပစ္စည်းများကို KMD Sales and Service Centre မှ ကိုယ်စားလှယ်ယူ၍ ဈေးကွက်အတွင်း ဖြန့်ချိပေးသွားမည်ဖြစ်ပြီး Verbatim အမှတ်တံဆိပ် CD နှင့် DVD များအတွက် warranty တစ်လ ပေးသွားမည်ဖြစ်ကာ တစ်ချပ်ပျက်လျှင် အသစ်တစ်ချပ်ဖြင့် ချက်ချင်းလဲလှယ်ပေးသွားမည်ဖြစ်ကြောင်း၊ USB Hard Disk Drive များနှင့် Pen Drive များအတွက် warranty ၁၈ လ (တစ်နှစ်ခွဲ) ပေးသွားမည်ဖြစ်ကြောင်း၊ အသေးစိတ်သိရှိလိုပါက KMD Computer Sales & Service Centre အမှတ်(၅၅၀/ ၅၅၂)၊ ကုန်သည်လမ်းနှင့် ၃၆ လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန် ဖုန်း-၂၀၄၀၇၁၊ ၃၈၄၁၀၉၊ ၂၄၅၁၈၀၊ KMD Computer Sales & Service Centre (ပြည်လမ်း) အမှတ် ၃၃၁၊ ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန် ဖုန်း-၅၀၂၂၄၄၊ ၅၀၃၅၁၁၊ ၅၀၃၅၂၂ နှင့် KMD Sales Centre (Mandalay)- အမှတ် (၁၀၃/၁) ၇၇ လမ်း ၂၇ လမ်းနှင့် ၂၈ လမ်းကြား ချမ်းအေးသာစံမြို့နယ် မန္တလေးမြို့ ဖုန်း-၀၂-၆၀၂၃၉၊ ၆၀၃၆၀ တို့သို့ ဆက်သွယ်နိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

**Verbatim Product များ ဈေးကွက်အတွင်း စတင်မိတ်ဆက်သော အခမ်းအနားတွင် KMD Group of Companies မှ Chairman & CEO ဦးသောင်းတင် ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။** (သတင်းစဉ်)





✻ ကျောဖုံးမှ

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မော်ဘီမြို့နယ် မြို့ချောင်းကျေးရွာအနီး၌ ရေအရင်းအမြစ် အသုံးချရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသော ကံကလေးလျှပ်စစ်မြစ်ရေတင် စီမံကိန်းသို့ ရောက်ရှိကြရာ စီမံကိန်းရှင်းလင်းဆောင်၌ ရန်ကုန်တိုင်းဦးစီးမှူးက ကံကလေးအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ဓာတ်အားခွဲရုံ ထိန်းချုပ်ခန်း တည်ဆောက်ထားမှု၊ ရေပေးမြောင်းမကြီးနှင့် လက်တံမြောင်း ဖောက်လုပ်နေမှု၊ လှိုင်မြစ်မှ လျှပ်စစ်မြစ်ရေတင်ရန် သံပိုက်လုံးကြီးများ သွယ်တန်းနေမှုနှင့် ရေသောက်ဧရိယာများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# ၂၀၀၈ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲ နေပြည်တော်၌ ကျင်းပ

**၂၀၀၈ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲတွင် ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ နေပြည်တော် မြို့မဈေးစုရပ်မှ တပျော်တပါး ပါဝင်ဆင်နွှဲကြစဉ်။**

(သတင်းစဉ်)




**နေပြည်တော် ဒီဇင်ဘာ ၂၀**

၂၀၀၈ ခုနှစ် ဒီဇင်ဘာ လူထုအားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက် ၆ နာရီတွင် နေပြည်တော်၌ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဝင်များ ဖြစ်ကြသော ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အေးမြင့်ကြူနှင့် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ဝန်ကြီးဌာနအသီးသီးတို့မှ တာဝန်ရှိသူများ၊ ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ နေပြည်တော် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။

ရှေးဦးစွာ စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများသည် နေပြည်တော်မြို့မဈေး စုရပ်မှ တောင်တွင်းကြီး - တောင်ညို - နေပြည်တော်ပျဉ်းမနားလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြ၍ သပြေကုန်းအဝိုင်းမှတစ်ဆင့် နေပြည်တော်ပျဉ်းမနား-တောင်ညို-တောင်တွင်းကြီးလမ်းအတိုင်း စုပေါင်းလမ်းလျှောက်ကြကာ နေပြည်တော်မြို့မဈေး စုရပ်သို့ ပြန်လည်ရောက်ရှိကြပြီး စုရပ်တွင် စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းအစီအစဉ် အတွဲ(၁)နှင့် (၂)တို့ကို အားကစားနှင့်ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများနှင့်အတူ လေ့ကျင့်ခန်းများ ပြုလုပ်ကြသည်။

**ကျွေးမွေးဧည့်ခံ**

ထို့နောက် စုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများအား အားကစားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများနှင့် မြတ်တော်ဝင်ဟိုတယ် မိသားစုတို့က စားသောက်ဖွယ်ရာများနှင့် သောက်ရေသန့်များဖြင့် ကျွေးမွေးဧည့်ခံကြသည်။

(သတင်းစဉ်)



**ဝန်ကြီးဌာနအသီးသီးမှ ဝန်ထမ်းများ၊ မိသားစုများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများ နေပြည်တော် မြို့မဈေးစုရပ်၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်းများ ဆောင်ရွက်ကြစဉ်။**

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

**၂၁-၁၂-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
- ၇:၅၀ ၅။ အတီးပြိုင်ပွဲ
- ၈:၁၀ ၆။ တေးဂီတအစီအစဉ်
- ၈:၃၀ ၇။ International News.
- ၈:၄၀ ၈။ အကပြိုင်ပွဲ
- ၉:၀၀ ၉။ အစီအစဉ်ပြီး၏။

**နေ့လယ်ပိုင်း**

- ၁၁:၀၀ ၁။ စစ်သည်တေး
- ၁၁:၁၀ ၂။ ယဉ်ကျေးလိမ္မာ(၃၈)ဖြာမင်္ဂလာ
- ၁၁:၂၅ ၃။ တစ်ပတ်အတွင်းနိုင်ငံတကာ သတင်းစဉ်
- ၁၁:၃၅ ၄။ **နိုင်ငံခြားဇာတ်လမ်းတွဲ ‘အားကိုးချစ်သူ ကျေးတောသူ’ (အပိုင်း-၇)**
- ၁၂:၂၀ ၅။ Golf Magazine(TV)
- ၁၂:၄၀ ၆။ **မြန်မာဗီဒီယိုဇာတ်လမ်း ‘မချစ်လဲနေပေါ့’ (လွင်မိုး၊ စိုးမြတ်နန္ဒာ) (ဒါရိုက်တာ-သီဟတင်သန်း)**
- ၂:၂၅ ၇။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၂:၃၀ ၈။ သက်တံရောင်သံစဉ်
- ၂:၄၅ ၉။ International News.
- ၃:၀၀ ၁၀။ အစီအစဉ်ပြီး၏။

**ညပိုင်း**

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ အဆိုပြိုင်ပွဲ
- ၄:၁၀ ၃။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၄:၂၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြား သင်ခန်းစာ-ဒုတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
- ၄:၄၀ ၅။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၄၅ ၆။ တေးဂီတအစီအစဉ်
- ၅:၀၀ ၇။ “နှစ်စဉ်မပျက်နွှဲလို့ပျော် မြို့ရွှေဆည်”ရဲ့ ဆင်လှူပွဲတော်”
- ၅:၂၀ ၈။ ဆိုကြမယ်၊ ပျော်ကြမယ်
- ၆:၀၀ ၉။ ညနေခင်းသတင်း
- ၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၁။ ကာတွန်းအစီအစဉ် Pocket Dragon Adventure
- ၆:၅၀ ၁၂။ **တစ်မျက်နှာတစ်ကွက်စာ “ယောကျ်ားရှိတယ်” (မင်းသူ၊ မိုးဟေမာန်ခင်) [ဒါရိုက်တာ-ကြည်သာ (ပွဲကြိုက်ခင်)]**
- ၇:၀၅ ၁၃။ **နိုင်ငံခြားဇာတ်လမ်းတွဲ “သစ္စာနှင့်ယှဉ်သော မေတ္တာ” (အပိုင်း-၄)**
- ၈:၀၀ ၁၄။ ပြည်တွင်းသတင်း
- ၁၅။ နိုင်ငံတကာသတင်းများ
- ၁၆။ မိုးလေဝသအခြေအနေ
- ၁၇။ **နိုင်ငံခြားဇာတ်လမ်းတွဲ “အချစ်စစ်ရှာဖွေခြင်း” (အပိုင်း-၁၈)**
- ၁၈။ အစီအစဉ်ပြီး၏။

**❁ တိုက်ကြီးမြို့နယ်မှ**

ဦးစီးအရာရှိ၏ တာဝန်ပေးချက်အရ တောခေါင်းများဖြစ်သော ဦးသူရိန်ကို၊ ဦးတင့်နိုင်၊ ဦးဖြိုးကျော်တို့လိုက်ပါ၍ ဥက္ကံသို့ ထွက်ခွာခဲ့သည်။ ဥက္ကံသကြားစက်သို့ သွားလမ်းအတိုင်း ကြမ်းတမ်းသော လမ်းများဖြတ်သန်းခဲ့ရပြီး တဘူးလှဆည်သို့ ရောက်ရှိသည်။

အဆိုပါ တဘူးလှဆည်အနီးတွင် သစ်တောအခြေစိုက် ဥက္ကံမြောက် (၂) နယ်မြေရုံး တည်ရှိသည်။ ထိုသစ်တောစခန်းလေး၌ ခေတ္တနားခဲ့ပြီး သစ်တောစိုက်ခင်း တည်ထောင်ထားရှိမှုကို ကွင်းဆင်းလေ့လာခဲ့သည်။ ထိုနယ်မြေသည် သာယာဝတီအနောက်မြောက်တွင် တည်ရှိပြီး ပဲခူးအရှေ့ဘက်တွင် တည်ရှိသည်။

ထို့နောက် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး ကျွန်းစိုက်ခင်းများ လေ့လာရာတွင် ၂၀၀၇ ခုနှစ်က စိုက်ပျိုးထားသော ဥက္ကံကြိုးဝိုင်း အကွက်အမှတ် (၅၉)၌ ကျွန်းစိုက်ခင်း ၅၇၅ ဧကကို တွေ့ရှိခဲ့ရာ ကျွန်းပင်များ ကြီးထွားရှင်သန်နေသည်ကို တွေ့ရှိရသည်။ ထိုမှ ၂၀၀၆-၂၀၀၇ စိုက်ခင်းဧက ၆၂၅ ကို အကွက်အမှတ် (၅၈)တွင် တွေ့မြင်ရသည်။ ကျွန်းပင်ပေါက်ကောင်းသော မြေများဖြစ်ကြောင်း သိရှိရသည်။ ကျွန်းပင်များမှာ တစ်ပင်နှင့်တစ်ပင် ၉ ပေ × ၉ ပေ စိုက်ပင်ပန်းက် အကွာအဝေးရှိကြသည်။ ယင်းနယ်သည် မိုးများပြီး ပူအိုက်စွတ်စိုသောရာသီဥတု ဖြစ်၍ ကျွန်းစိုက်ရန်အထူးကောင်းမွန်သော ဒေသဖြစ်သည်။ ပေါက်ရောက်သော အပင်များမှာ တင်းဝါး၊ မျှင်ဝါးများ ပေါက်ရောက်ပြီး ဒီဒူး၊ ကြို့၊ လက်ပံ၊ စောင်းပလွေ၊ သစ်ယား အနည်းငယ် ပေါက်ရောက်ကြသည်။ တောင်ကုန်း တောင်စောင်းများတွင် အစီအရီ စိုက်ပျိုးထားကြ၍ စိုက်ခင်းမြင်ကွင်းမှာ အထူးကြည့်၍ ကောင်းနေသည်။

အကွက်အမှတ်(၅၈)တွင် အပင်ပေါင်း ၃၃၇၅၀၀ ရှိကြောင်း သိရသည်။

တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ၂၀၀၄-၂၀၀၅ ခုနှစ် တောင်လှိုင် ရိုးမကြိုးဝိုင်းအကွက် (၁၈/၂၁/၂၅)နှင့် မာဂရီ သစ်တောကြိုးဝိုင်း အကွက် (၁၂)တို့တွင် ၅၀၅ ဧက စိုက်ပျိုးခဲ့ကြသည်။ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် လှိုင်ရိုးမ တောင်ပေါ်ကြိုးဝိုင်း အကွက်အမှတ် (၂၁)၊ တောင်လှိုင် ရိုးမကြိုးဝိုင်း အကွက် (၂၄)၊ မာဂရီ ကြိုးဝိုင်း အကွက် (၂၁)တို့တွင် ကျွန်းစိုက်ခင်း ၅၀၂ ဧက တည်ထောင်ခဲ့ကြရာ ကြီးထွားရှင်သန်လျက်ရှိသည်။ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် တောင်လှိုင် ရိုးမကြိုးဝိုင်း အကွက်(၂၅)တွင် စိုက်ခင်းဧရိယာ ဧက ၅၀ နှင့် ဖော်ပြခဲ့ပြီးသော ဥက္ကံကြိုးဝိုင်း ၅၇၅ ဧက ထည့်ပါက စုစုပေါင်း ၆၂၅ ဧက ရှိသည်။

၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဥက္ကံသစ်တောကြိုးဝိုင်း အကွက်(၅၈) ၆၂၅ဧက၊ တောင်လှိုင်ရိုးမကြိုးဝိုင်း အကွက် (၁၈/၁၉) ကြက်ဆူစိုက်ခင်း ၇၅ဧကတို့ကို စိုက်ပျိုးထူထောင်ခဲ့ကြပြီး ၂၀၀၈-၂၀၀၉ အကွက်အမှတ် (၅၉/၆၀) ဥက္ကံကြိုးဝိုင်းတွင် ဧက ၇၅၀ ကို ကျွန်းစိုက်ခင်းများ တည်ထောင်ခဲ့ကြရာ အုပ်အုပ်ဆိုင်းဆိုင်း တွေ့ရသည်။

သစ်တောဦးစီးဌာန၏ လုပ်ငန်းတစ်ရပ်ဖြစ်သော ရေဝေရေလဲစိုက်ခင်းများကို ပြုစုပျိုးထောင် ကာကွယ်ထိန်းသိမ်းခဲ့ကြရာ တိုက်ကြီးမြို့နယ် လှိုင်ရိုးမနှင့် တောင်လှိုင်ရိုးမကြိုးဝိုင်းများ၌ ၂၀၀၄ ခုနှစ်က ဧက ၆၀၀ နှင့် ၂၀၀၅-၂၀၀၆ ခုနှစ်က ဧက ၁၂၀၀၊ ၂၀၀၆-၂၀၀၇ ခုနှစ်က လှိုင်ရိုးမ တောင်ပေါ်ကြိုးဝိုင်းတွင် ဧက ၆၀၀၊ တောင်လှိုင် ရိုးမကြိုးဝိုင်းတွင် ဧက ၆၀၀ ထူထောင်ခဲ့ကြပြီး ၂၀၀၇-၂၀၀၈ ခုနှစ်တွင် လှိုင်ရိုးမ တောင်ပေါ်ကြိုးဝိုင်း အကွက် (၃/၄) တွင် ဧက ၅၀၀ နှင့် ၂၀၀၈-၂၀၀၉ ခုနှစ်တွင် လှိုင်ရိုးမ တောင်ပေါ်ကြိုးဝိုင်း အကွက်(၄) ဧက ၂၅၀ တို့တွင် အော်ရီရှား၊ မန်ဂျန်ရှား၊ မဲဇလီ၊ သစ်ဆိမ့်များကို စိုက်ပျိုးခဲ့ကြသည်။ အဆိုပါ ကြိုးဝိုင်းအတွင်းသို့ ဝင်ရောက်ရာတွင် သစ်တောလမ်းမှ ခရိုင်ချင်းဆက်လမ်းသို့ တစ်မိုင်ခွဲခန့် ဝင်ရောက်ခဲ့ရသည်။

**တိုက်ကြီးမြို့နယ် ဥက္ကံကြိုးဝိုင်းတွင် ၂၀၀၇ ခုနှစ်ကျွန်းစိုက်ခင်း ၅၇၅ ဧက ရှင်သန်ဖြစ်ထွန်းနေပုံကို တွေ့မြင်ရစဉ်။**




ရေဝေရေလဲအပိုင်းများတွင် ဂျိုးဖြူနှင့် ဖူးကြီးရေလှောင်တမံများ၏ ရေဝေရေလဲစိုက်ခင်း လျာထားချက် ဧက ၁၉၀၀ သာလွန်၍ ဧက ၃၇၅၀ အထိ တည်ထောင်စိုက်ပျိုးနိုင်ခဲ့သည်။

တိုက်ကြီးမြို့နယ် သဘာဝတော ထိန်းသိမ်းခြင်း လုပ်ငန်းများတွင် ဥက္ကံကြိုးဝိုင်း၌ ၂၀၀၅-၂၀၀၆ ခုနှစ်က ဧကပေါင်း ၁၃၅၅၀၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် ဧကပေါင်း ၁၃၅၅၀ နှင့် ၂၀၀၇-၂၀၀၈ ခုနှစ်တွင် ဧကပေါင်း ၆၀၀၀၊ ၂၀၀၈-၂၀၀၉ ခုနှစ်တွင် ဧကပေါင်း ၆၀၀၀ကို ထိန်းသိမ်းကာကွယ်ခဲ့နိုင်ကြ၍ သဘာဝတောများ အုပ်ဆိုင်းပြီး သာယာစိုပြည်လျက်ရှိသည်။

သဘာဝတော တန်ဖိုးမြှင့်စိုက်ခင်းများကို ဥက္ကံကြိုးဝိုင်းတွင် ဆောင်ရွက်ခဲ့ကြရာ ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိ စုစုပေါင်း ဧက ၇၆၀၀ ဖြစ်ထွန်းလျက်ရှိသည်ကို သိရှိရသည်။ မွေ့တာမျိုးဆက်ခြင်းလုပ်ငန်းတွင် ၂၀၀၄-၂၀၀၅ ခုနှစ် ဥက္ကံကြိုးဝိုင်း အကွက် (၇၂) ဧက ၅၀၊ ၂၀၀၅-၂၀၀၆ ခုနှစ်တွင် လှိုင်ရိုးမ တောင်ပေါ်ကြိုးဝိုင်း အကွက် (၅၇) နှင့် တောင်လှိုင်ရိုးမကြိုးဝိုင်း(၅၇)တို့၌ ဧက ၁၀၀၀ ရှိခဲ့ပြီး ဥက္ကံကြိုးဝိုင်း အကွက်အမှတ် (၃၂/၃၅/၃၆) နှင့် (၉၈/၁၀၀)တို့တွင် ၂၀၀၆-၂၀၀၇ ခုနှစ်မှ ၂၀၀၇-၂၀၀၈ ခုနှစ်အထိ စုစုပေါင်း ဧက ၂၅၀၀ လုပ်ဆောင်ခဲ့ကြပြီး ၂၀၀၈-၂၀၀၉ ခုနှစ်အတွက် ဥက္ကံကြိုးဝိုင်း အကွက် (၉၆)တွင် လုပ်ဆောင်လျက်ရှိသည်။

တိုက်ကြီးမြို့နယ်သည် ရန်ကုန်မြောက်ပိုင်းခရိုင်တွင် တည်ရှိပြီး မြို့နယ်ဧရိယာ၏ ၃၈ ရာခိုင်နှုန်းမှာ သစ်တောကြိုးဝိုင်း ခုနစ်ခုဖြင့် ဖွဲ့စည်းထားရှိသည်။ ၎င်းကြိုးဝိုင်းများမှာ ပဲခူးရိုးမ၏ အနောက်ဘက်ခြမ်းတွင် မြောက်မှ တောင်သို့ သွယ်တန်းလျက် တည်ရှိနေသည်။ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စီမံကိန်းလုပ်ငန်းများကို ၂၀၀၄-၂၀၀၅ ခုနှစ်မှ ၂၀၀၈-၂၀၀၉ ခုနှစ်အထိ နှစ်စဉ်သစ်တောလုပ်ငန်းများ လျာထားချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ကြသည်။

တိုက်ကြီးမြို့နယ်တွင် စီမံကိန်း လျာထားချက် စုစုပေါင်း ဧက ၆၁၉၀၀ ရှိသည့်အနက် ဧက ၃၉၀၀၀ သဘာဝတောများ ကို ထိန်းသိမ်းကာကွယ်ဆောင်ရွက်ခဲ့ကြရာ နှစ်စဉ်ဆောင်ရွက်မည့် ဧရိယာ သတ်မှတ်ပိုင်းခြား ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ ဥက္ကံကြိုးဝိုင်းမှာ ကျွန်းနှင့် သစ်မာမျိုးစုံ ကောင်းမွန်စွာ ပေါက်ရောက်လျက်ရှိရာ လက်ရှိအခြေအနေတွင် နှစ်စဉ် သစ်မာထုတ်လုပ်နိုင်လျက်ရှိပြီး စံပြသစ်တောကြိုးဝိုင်းအဖြစ် ဖွဲ့စည်းတည်ထောင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။ သစ်မာထုတ်လုပ်ရာမှ တောပွင့်နေရာများ၌ အကွက်လိုက် အစုလိုက် ဖြည့်စွက်စိုက်ပျိုးနိုင်သည့်နည်း (Gap Planting) အနေဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိကြသည်။

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ်တွင် တိုင်း၊ ခရိုင် သစ်တောဦးစီးဌာနတို့၏ အနီးကပ်ကြီးကြပ်ဆောင်ရွက်မှု၊ မြို့နယ်သစ်တောဦးစီးဌာန၏ ကြိုးပမ်းဆောင်ရွက်မှုတို့ဖြင့် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ ပေါက်ရောက်အောင်မြင် ဖြစ်ထွန်း၍ စိမ်းလန်းသာယာမှုအပေါင်းနှင့် ပြည့်စုံလျက်ရှိကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း ပွင့်ဖြူ-ပခုက္ကူ ရထားလမ်းပိုင်း ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၂၀

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းသည် ဒုတိယဝန်ကြီး ဦးဖေသန်းလိုက်ပါလျက် ဒီဇင်ဘာ ၁၆ ရက်တွင် ပွင့်ဖြူ-ပခုက္ကူ ရထားလမ်းဖောက်လုပ်ရေးစီမံကိန်းသို့ ရောက်ရှိစစ်ဆေးပြီး ဆိပ်ဖြူဘူတာတည်ဆောက်ရန် ရွေးချယ်သတ်မှတ်ထားသည့် မြေနေရာကို ကြည့်ရှုသည်။**

ထို့နောက် ဝန်ကြီးသည် ပွင့်ဖြူ-ပခုက္ကူရထားလမ်း ဖောက်လုပ်ရေးစီမံကိန်းရှင်းလင်းဆောင်၌ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို ဖြည့်ဆည်းပံ့ပိုးပေးသည်။

ဆက်လက်၍ ဝန်ကြီးနှင့် အဖွဲ့သည် ဆိပ်ဖြူမြို့နယ်ရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက တာဝန်ယူတည်ဆောက်နေသည့် ယောချောင်းတံတားလုပ်ငန်းများ၊ ရထားလမ်းမြေသားတာပေါင်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် တန့်ကြည့်တောင်တောင်ကြောတစ်လျှောက် စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။ **(ယာပုံ)**

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဧရာဝတီမြစ်နံဘေး တန့်ကြည့်တောင် တောင်စောင်းပေါ်၌ စက်ယန္တရားများဖြင့် မြေသားလုပ်ငန်းဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပခုက္ကူမြို့နယ် တန့်ကြည့်ရွာအနီး လုပ်ကွက်၌ စက်ယန္တရားများဖြင့် မြေသားတာပေါင်လုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ယောချောင်းနှင့် ကျွန်းချောင်းကြားရှိ တန့်ကြည့်တောင်ဧရိယာအတွင်း မြေသားတာပေါင်လုပ်ငန်း ဆောင်ရွက်နေမှုများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

အဆိုပါ ကြံခင်း-ပခုက္ကူရထားလမ်းသည် အရှည်မိုင် ၃၂၀ ရှည်လျားပြီး ဧရာဝတီမြစ် အနောက်ဘက်ခြမ်းဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖောက်လုပ်ပေးနေခြင်းဖြစ်သည်။ ကြံခင်း-သရက်လမ်းပိုင်း မိုင် ၁၁၀၊ သရက်-ပွင့်ဖြူလမ်းပိုင်း မိုင် ၁၀၀၊ ပွင့်ဖြူ-ပခုက္ကူလမ်းပိုင်း မိုင်၁၁၀ သုံးပိုင်းခွဲ၍ မြန်မာ့မီးရထားက အမြန်ဆုံးပြီးစီးနိုင်ရေး ဖောက်လုပ်လျက်ရှိသည်။

**-ဖွင့်လှစ်တော့မည်-**

ကြံခင်းမှဉသျှစ်ပင်အထိ မိုင် ၄၀ ကို မတ် ၁ ရက်တွင် ဖွင့်လှစ်ခဲ့ပြီး ဉသျှစ်ပင်မှ ကံမအထိလည်း မြေသားလုပ်ငန်းပြီးစီး၍ သံလမ်းခင်းခြင်း၊ ကျောက်ဖြည့်ခြင်း၊ ဇလီဖားခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်နေရာ မကြာမီ ဖွင့်လှစ်နိုင်တော့မည် ဖြစ်သည်။

အဆိုပါ ကြံခင်း-ပခုက္ကူရထားလမ်းသစ်ကြီး ဖောက်လုပ်ပြီးစီးသွားပါက ဧရာဝတီတိုင်း ပုသိမ်မြို့မှ မကွေးတိုင်း ပခုက္ကူမြို့အထိ တိုက်ရိုက်သွားလာနိုင်မည်ဖြစ်ပြီး ပခုက္ကူမှ တစ်ဆင့် ဂန့်ဂေါ၊ ကလေးမြို့များသို့လည်းကောင်း၊ ပခုက္ကူ-ချောင်းဦး၊ မုံရွာ၊ ရေဦး၊ ခင်ဦးမြို့များမှ မြန်မာပြည် အထက်ပိုင်းရှိ မြစ်ကြီးနားမြို့သို့လည်းကောင်း သွားလာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)





# ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၂၀**

၂၀၀၈ခုနှစ် အကြိမ် (၄၀)မြောက် ပြည်နယ်နှင့်တိုင်း ကြက်တောင်ရိုက်ပြိုင်ပွဲ ဗိုလ်လုပွဲကို ဒီဇင်ဘာ ၁၈ရက် နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကျုံးကြီးလမ်းရှိ အမျိုးသား ကြက်တောင်အားကစားခန်းမ၌ ကျင်းပသည်။

ဗိုလ်လုပွဲများအပြီး ဆုပေးပွဲကို ကျင်းပရာ တာဝန်ရှိသူများက အမျိုးသမီးအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆုရရှိကြသော တနင်္သာရီတိုင်းအသင်းနှင့် ရှမ်းပြည်နယ်(တောင်ပိုင်း)အသင်း၊ ပထမဆုရရှိသော ရန်ကုန်တိုင်းအသင်းနှင့် ဒုတိယဆုရရှိသော မန္တလေးတိုင်းအသင်း၊ အမျိုးသားအသင်းလိုက်ပြိုင်ပွဲတွင် ပူးတွဲတတိယဆု ရရှိသော တနင်္သာရီတိုင်းအသင်းနှင့် ချင်းပြည်နယ်အသင်း၊ ပထမဆုရရှိသော ရန်ကုန်တိုင်းအသင်းနှင့် ဒုတိယဆုရရှိသော မန္တလေးတိုင်းအသင်းတို့အား ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။

ဆက်လက်၍ အကောင်းဆုံးအမျိုးသမီး အားကစားသမားဆု ရရှိသည့် ရန်ကုန်တိုင်းအသင်းမှ ဖူးပွင့်ဇံအား မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် နာယကအဖွဲ့ဝင် ဒေါ်ခင်မိမိကလည်းကောင်း၊ အကောင်းဆုံး အမျိုးသား အားကစားသမားဆု ရရှိသည့် ရန်ကုန်တိုင်းအသင်းမှ ရဲမင်းအောင်အား မြန်မာနိုင်ငံ ကြက်တောင်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးမောင်မောင်ဆွေကလည်းကောင်း၊ အမျိုးသမီးအသင်းလိုက် တံခွန်စိုက်ဒိုင်းရရှိသော ရန်ကုန်တိုင်းအသင်းအား မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်တာဝန်ခံ နာယက ဒေါက်တာဒေါ်ညွန့်ညွန့်ဦးက လည်းကောင်း၊ အမျိုးသားအသင်းလိုက် တံခွန်စိုက်ဒိုင်းရရှိသော ရန်ကုန်တိုင်းအသင်းအား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌကိုယ်စား အားကစားနှင့်ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်က တံခွန်စိုက်ဒိုင်းဆုနှင့် ဆင့်ပွားဒိုင်းဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်လိုက်ကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)**

(သတင်းစဉ်)




# ထားဝယ်မြို့ (ABM+အထက-၃) ကျောင်းသား၊ ကျောင်းသူဟောင်းများ ပထမအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

တနင်္သာရီတိုင်း ထားဝယ်မြို့(ABM+အထက-၃) ကျောင်းသူ၊ ကျောင်းသားဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို ဒီဇင်ဘာ ၂၈ရက် (တနင်္ဂနွေနေ့)တွင် ထားဝယ်မြို့ အထက(၃)ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ တက်ရောက်ကြရန်နှင့် အလှူငွေနှင့် ပစ္စည်းများကို ဦးကျော်ကျော်ဌေး(ထားဝယ်တက္ကသိုလ်) ဖုန်း-၀၉၈၇၄၀၁၄၂၊ ဦးယူစိန်(ရောနဒီအမြန်ယာဉ်)ထားဝယ် ဖုန်း-၀၉၈၇၄၀၈၈၈၊ ဦးကျော်ဝင်း (ကျော်စာရေးကိရိယာ) ထားဝယ် ဖုန်း-၀၉၈၇၄၂၀၆၆၊ ဦးချိန်ဝွမ်(ရန်ကုန်) ဖုန်း-၀၉၅၀၄၀၄၂၅၊ ဦးထိန်ဝင်း(ရန်ကုန်) ဖုန်း-၀၁ ၅၄၀၀၂၈၊ ဦးမြင့်အောင်(ရန်ကုန်)ဖုန်း-၀၉ ၅၁၄၉၃၂၀၊ ဒေါ်အေးအေး(ရန်ကုန်) ဖုန်း-၀၁ ၅၄၁၄၀၄၊ ဒေါ်လွင်လွင်စွမ်း (ရန်ကုန်) ဖုန်း-၀၉ ၅၀၄၄၉၇၄၊ ဦးစိုးမိုးနိုင်(တိုင်းအား/ကာ)မြိတ် ဖုန်း-၀၅၉-၄၁၈၇၁၊ ဒေါ်စမ်းစမ်းညို(အလပြ၊ ထ-၁)မြိတ် ဖုန်း-၀၅၉ ၄၁၀၆၂၊ ဦးလှမိုး(နယ်စပ်ကုန်သွယ်ရေး) ကော့သောင်း ဖုန်း-၀၅၉ ၅၁၀၀၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (ကြေးမုံ)

Mobilemate Telecommunications Co.,Ltd.

# Special Promotion ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

GSM, CDMA, TDMA, Handsets နှင့် ဆက်စပ်ပစ္စည်းများကို ဖြန့်ဖြူးရောင်းချလျက်ရှိသော Mobilemate Telecommunications Co., Ltd. ၏ လုပ်ငန်းခွဲ Mobilemate Distribution မှ ကိုရီးယားနိုင်ငံထုတ် Brand ဖြစ်သော CDMA 450 MHz ဈေးကွက်နှင့် Mobile Phone ဝန်ဆောင်မှုကုမ္ပဏီကြီးများမှ အသုံးပြုနေသော နာမည်ကြီးအမှတ်တံဆိပ် AXESSTEL Corporation မှ Fixed Wireless Phone များ၊ သာမန်ကြိုးဖုန်းနှင့် တွဲဖက်အသုံးပြုနိုင်သော CDMA 450 MHz Terminal များ၊ EVDO Rev O/Rev Aနှင့် Data ဆိုင်ရာ Product များကို မြန်မာပြည် တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် ဖြန့်ချိရောင်းချရန်အတွက် ကုန်ပစ္စည်းများနှင့် နည်းပညာဆိုင်ရာ မိတ်ဆက်ပွဲကို ဒီဇင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ Park Royal ဟိုတယ် Ballroom ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ AXESSTEL Fixed Wireless Phone များသည် Voice, SMS, Data, E-mail နှင့် FM Radio အစရှိသည့် Features များဖြင့် Function စုံလင်စွာ သုံးစွဲနိုင်ပြီး လိုင်းဆွဲအား အထူးကောင်းမွန်ကြောင်း၊ ယင်းဖုန်းများသည် ကမ်းရိုးတန်းမြို့များဖြစ်သော စစ်တွေ၊ သံတွဲ၊ ပုသိမ်၊ ဟင်္သာတ၊ မအူပင်၊ ဖျာပုံ၊ ကွမ်းခြံကုန်း၊ ရန်ကုန်၊ ဘိုကလေး၊ ဒေးဒရဲ၊ မြောင်းမြ၊ သထုံ၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ ကော့သောင်းတို့တွင်သာမက CDMA 450 MHz ကွန်ရက်အတွင်းရှိ အခြားမည်သည့်မြို့တွင်မဆို သုံးစွဲနိုင်ကြောင်း သိရသည်။ စတင်ဖြန့်ချိခြင်း အထိမ်းအမှတ်အဖြစ် ဒီဇင်ဘာ ၂၇ ရက်မှ ၃၁ရက်အထိ Capital Hyper Market တွင် Special Promotion အစီအစဉ်များဖြင့် နေ့စဉ် နံနက် ၁၀ နာရီမှ ည ၉ နာရီအထိ ရောင်းချပေး သွားမည်ဖြစ်သည်။

AXESSTEL Fixed Wireless Phone နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက Mobilemate Telecommunications Co., Ltd. (Branch Office) အမှတ်(၂၉၀/က) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၆၉၈၉ နှင့် ၀၁-၅၃၇၂၈၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

# မြဝတီ ရုပ်မြင်သံကြား အစီအစဉ်

**၂၁-၁၂-၂၀၀၈ (တနင်္ဂနွေနေ့)**

**နံနက်ပိုင်း**

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေးခေတ် ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

**နေ့လယ်ပိုင်း**

- ၁၁း၀၀ ၁။ မြဝတီအဖွင့်
- ၁၁း၀၅ ၂။ အဖွင့်သီချင်း
- ၁၁း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၁၁း၂၅ ၄။ ကာတွန်းအစီအစဉ် **-ဂျူမုံမင်းသားလေး (အပိုင်း-၈)**
- ၁၂း၀၀ ၅။ မြဝတီရုပ်မြင်ပေါ်ကရုပ်ရှင် **-ဆိုင်သူမသိတဲ့အချစ်**
- ၁း၃၀ ၆။ ကျန်းမာသုတ
- ၁း၄၅ ၇။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -မောင်နဲ့သာဆိုရင် (အပိုင်း-၆)**
- ၂း၄၅ ၈။ အပိတ်နှုတ်ဆက်စကား
- ၂း၅၀ ၉။ ပြီးပါပြီ။

**ညပိုင်း**

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄း၁၅ ၄။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၂၀ ၅။ စည်းကမ်းလိုက်နာ ဘေးကင်းကွာ
- ၄း၄၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၄း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅း၀၀ ၈။ သံစဉ်များနှင့်ကမ္ဘာ
- ၆း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၀။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၁။ အမျိုးသားရေး တေးကဗျာ
- ၆း၃၅ ၁၂။ ကမ္ဘာ့အံ့ဖွယ် မျက်လှည့်ပညာရှင်များ
- ၆း၄၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ကြီးမြတ်သူတို့ နှလုံးသား(အပိုင်း-၄)**
- ၈း၀၀ ၁၅။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၆။ မိုးလေဝသသတင်း
- ၁၇။ အမျိုးသားရေး တေးကဗျာ
- ၁၈။ ပဟေဠိနန်းတော်
- ၁၉။ ကျန်းမာသုတ
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒဏ္ဍာရီထဲက ပုံပြင်လေးတစ်ပုဒ် (အပိုင်း-၁)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

## ရွှေတိဂုံစေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံပြင်ဆင်ရေးအတွက် အလှူငွေများ ပါဝင်လှူဒါန်းနိုင်

ဗုဒ္ဓမြတ်စွာသာသနာတော်၏ မဏ္ဍိုင်ကြီးသဖွယ် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ ကျက်သရေဆောင် ဖြစ်တော်မူသည်သာမက ကမ္ဘာ့အံ့ချီးဖွယ်တစ်ပါးဖြစ်သော လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်မြတ်ကြီးသည် ၂၀၀၈ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သည့် နာဂစ်လေပြင်းမုန်တိုင်းဒဏ်ကြောင့် ရွှေစင်၊ ရွှေပြားများ စုတ်ပြဲလွင့်စဉ် ပျက်စီးခဲ့ရသောကြောင့် ရွှေသင်္ကန်းတော်များ ပြန်လည်ကပ်လှူခြင်းနှင့်အတူ ရွှေထီးတော်ကြံ့ခိုင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် ငြမ်းစေတီတည်ဆောက်ထားပြီးဖြစ်သည်။

ရှေးယခင်ပညာရှင်များ၏ ရေးသားမှတ်တမ်းတင်ခဲ့သော အကြံပြုချက်များအရ စေတီတော်ကြီး၏ အင်္ဂါရပ်တော်အသီးသီးအနက် သေးသွယ်အားနည်းသော ကြာလှန်၊ ကြာမှောက်ဓရိယာကို ပိုမိုကြံ့ခိုင်တောင့်တင်းစေရန် အားဖြည့်မွမ်းမံခြင်းလုပ်ငန်းကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်သွားမည်ဖြစ်သည်။ အခွင့်အခါကြုံဆုံစည်းသောကာလတွင် ရဟန်းရှင်လူပြည်သူများအနေဖြင့် သဒ္ဓါတတ်အား နည်းများမဟူ ပါဝင်လှူဒါန်းနိုင်ကြသည်။

**လှူဒါန်းနိုင်**

စေတီတော်ကြီးအတွက် လိုအပ်သော ရွှေစင်၊ ရွှေပြားများအား ပုဂ္ဂလိကကုသိုလ်ဒါနအနေဖြင့် ပါဝင်လှူဒါန်းလိုပါက အောက်ပါအတိုင်း ကမ္ပည်းမော်ကွန်းရေးထိုး၍ လှူဒါန်းနိုင်ပါသည်-

| | | | | | | | |
|---|---|---|---|---|---|---|---|
| (၁) ရွှေစင် | ၆ | ကျပ်သား | ၁ ချပ် | ကျပ် | ၃၁၂၀၀၀၀ | နှုန်း |
| (၂) ရွှေစင် | ၃ | ကျပ်သား | ၁ ချပ် | ကျပ် | ၁၅၆၀၀၀၀ | နှုန်း |
| (၃) ရွှေစင် | ၁½ | ကျပ်သား | ၁ ချပ် | ကျပ် | ၇၈၀၀၀၀ | နှုန်း |
| (၄) ရွှေစင် | ၁ | ကျပ်သား | ၁ ချပ် | ကျပ် | ၅၂၀၀၀၀ | နှုန်း |

**ဆက်သွယ်နိုင်**

လှူဒါန်းလိုသူများသည် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ရုံး ဖုန်း-၂၅၁၈၅၁၊ ၃၇၅၇၆၇၊ ၃၇၁၀၈၉တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နှိုးဆော်အပ်ပါသည်။

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့.


## တပ်မတော်(ကြည်း၊ရေ၊လေ)လှေလှော်ပြိုင်ပွဲကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၂၀

**၂၀၀၈ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော်(ကြည်း၊ရေ၊လေ) လှေလှော်ပြိုင်ပွဲဖွင့်ပွဲ၊ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် တပ်မတော် (ရေ)လှေလှော်ရွက်တိုက်အသင်း(အင်းလျားကန်)၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား ရေတပ်သဘော်ာကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဟံစိန် တက်ရောက်၍ အဖွင့် အမှာစကား ပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးသည်။**

**တက်ရောက်**

အဆိုပါ အခမ်းအနားသို့ တပ်မတော် အရာရှိကြီးများ၊ အရာရှိ/စစ်သည်များ၊မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်နှင့် ရွက်လှေအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ မိသားစုများ၊ ဖိတ်ကြားထားသည့် ဧည့်သည်များနှင့်ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။

ဖွင့်ပွဲအပြီးတွင် ဗိုလ်လုပွဲများကို ဆက်လက်ကျင်းပရာ ၂၀၀၈ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်းဆုကို အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းက ဆွတ်ခူးရရှိခဲ့သည်။

**ပေးအပ်ချီးမြှင့်**

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲအမျိုးအစား အလိုက် ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် ၂၀၀၈ခုနှစ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တံခွန်စိုက်ဒိုင်း တပ်မတော် (ကြည်း၊ ရေ၊ လေ) လှေလှော်ပြိုင်ပွဲတွင် အနိုင်ရ ဗိုလ်စွဲသွားသည့် အနောက်တောင်တိုင်း စစ်ဌာနချုပ်အသင်းအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ရေတပ် သဘော်ာကျင်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးချုပ်ဟံစိန်က တံခွန်စိုက်ဒိုင်းဆုပေးအပ်ချီးမြှင့်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

## လောင်စာတွေကိုရှင်း မီးဘေးအန္တရာယ်ကင်း




## အားကစားနှင့်ပညာရေးကဏ္ဍပေါင်းစပ်၍ လုပ်ငန်းစီမံချက်ရေးဆွဲရေး ညှိနှိုင်းစည်းဝေး

**နေပြည်တော် ဒီဇင်ဘာ ၂၀**

မြန်မာ့အားကစား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကစားနှင့် ပညာရေးကဏ္ဍပေါင်းစပ်၍ လုပ်ငန်းစီမံချက်ရေးဆွဲရေး ညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၁၆ရက် မွန်းလွဲ ၂နာရီတွင် နေပြည်တော်ရှိ အားကစားဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ (၁)၌ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များဖြစ်ကြသော ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ အားကစားဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရ အေးမြင့်က မြို့နယ်၊ ခရိုင်၊ တိုင်းမှ တစ်ဆင့် ထူးချွန်သည့် နိုင်ငံ့ဂုဏ်ဆောင် လက်ရွေးစင် အားကစားသမားများ ပေါ်ပေါက်လာရေးအတွက် အားကစားနှင့် ပညာရေးကဏ္ဍ ပေါင်းစပ်၍ လုပ်ငန်းစီမံချက်ရေးဆွဲသွားရေးနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံအိုလံပစ်ကော်မတီဝင်များဖြစ်ကြသော ဒုတိယဝန်ကြီး ဦးမျိုးညွန့်နှင့် ဗိုလ်မှူးချုပ် အောင်မျိုးမင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက ဆွေးနွေးတင်ပြကြသည်။

ထို့နောက် အားကစားနှင့် ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးဦးစီးကော်မတီကို ဖွဲ့စည်းကြပြီး တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေး တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက ကျန်းမာကြံ့ခိုင်ပြီး ပညာရည်မြင့်မားသော လူရည်ချွန်များ ပေါ်ထွက်လာရေးနှင့် မြန်မာ့အားကစား အဆင့်အတန်း မြင့်မားလာရေးအတွက် အားကစားနှင့် ပညာရေး ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး ညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြောက်ပိုင်းဒေသများတွင်မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

ရန်ကုန် ဒီဇင်ဘာ ၂၀

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄နာရီအတွင်းက ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ဧရာဝတီတိုင်းတို့တွင် အများအားဖြင့် သာယာခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ သည်။ **ညအပူချိန်များမှာ** မွန်ပြည်နယ်တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန် တို့အောက် ၅ ဒီဂရီ စင်တီဂရိတ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ပြီး ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ပဲခူးတိုင်းတို့တွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ ပိုခဲ့ကာ ကျန်ဒေသများတွင် ဒီဇင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်မှာ** ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်ဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော် အခြေအနေ။** ။ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။

**ဒီဇင်ဘာ ၂၁ရက် ညနေထိ ခန့်မှန်းချက်။** ။ ကချင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာဖွယ်ရာရှိပြီး ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်း အောက်ပိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းကာ ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၄၀ ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်။** ။ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။** ။ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။

**နေပြည်တော်**နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။

**ရန်ကုန်မြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မန္တလေးမြို့**နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ**

**အမြင့်ဆုံးအပူချိန်**

| | |
|---|---|
| ၃၁ဒသမ၇ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်) | ၁၉-၁၂-၂၀၀၈ |

**အနိမ့်ဆုံးအပူချိန်**

| | |
|---|---|
| ၁၅ဒသမ၈ ဒီဂရီစင်တီဂရိတ် (၆၀ ဒီဂရီဖာရင်ဟိုက်) | ၂၀-၁၂-၂၀၀၈ |
| ၉း၃၀ နာရီအချိန် စိုထိုင်းဆ ၇၀ ရာခိုင်နှုန်း | ၂၀-၁၂-၂၀၀၈ |
| နေပူသည့်နာရီပေါင်း ၆ ဒသမ ၁ နာရီခန့် | ၁၉-၁၂-၂၀၀၈ |

## တစ်ချက်တည်းကျင်းဝင်

**ရန်ကုန် ဒီဇင်ဘာ ၂၀**

မုံရွာမြို့ဂေါက်ကွင်းရှိ အမှတ်(၈) ကျင်းတွင် ဒီဇင်ဘာ ၁၁ရက်က ဦးအောင်လင်း (MD-စွမ်းအားဖွံ့ဖြိုးကုမ္ပဏီ)သည် ၁၇၂ ကိုက်အကွာရှိ ကျင်းသို့ ZUR SRIXON(၂) ဘောလုံးအား IRON(7) SRIXON 403 ရိုက်တံကိုသုံး၍ ဂေါက်သီးရိုက်ကစားရာ တစ်ချက်တည်းဖြင့် Hold In One ကျင်းဝင်ခဲ့ကြောင်းနှင့် ကစားဖော်များအဖြစ် ဦးမျိုးဝင်း (MD - အောင်မြသန်းကုမ္ပဏီ)နှင့် ဦးထွန်းထွန်း(ဒါရိုက်တာ-ငွေကြယ်စင်ကုမ္ပဏီ)၊ ဦးမြင့်ဇော် (ဒါရိုက်တာ-ချယ်ရီရိုးမကုမ္ပဏီ)နှင့် ဦးဖြိုးဝေကျော် (ဒါရိုက်တာ - မိုးကြယ်အုပ်စုကုမ္ပဏီ) တို့လည်း ပါဝင်ကစားခဲ့ကြောင်း သိရသည်။

(ကြေးမုံ)



**ကညွတ်ကွင်းမြို့ စက်တောင်(၁)လမ်း ကတ္တရာခင်း ခြင်းလုပ်ငန်းအတွက် ကျောက်ဖြန့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား နိုဝင်ဘာ ၂၀ ရက်တွင် ပဲခူးတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ချိုနှင့်အဖွဲ့ ကွင်းဆင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးသက်လွင်ဦးနှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးဇော်ဇော်စန်းတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၁-၁၂-၂၀၀၈ (တနင်္ဂနွေနေ့)

AM & PM

| | |
|---|---|
| ၇း၀၀ - ၁း၀၀ | MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ် |
| ၇း၀၅ - ၁း၀၅ | "အောင်နိုင်ကြောင်းနည်းကောင်း(၄)ဖြာ" တရားတော် (ဆရာတော်အရှင်ပညာနန္ဒ) |
| ၈း၀၅ - ၂း၀၅ | Sunday Talk [ပါမောက္ခဒေါက်တာအောင်ထွန်းသက်၊ကိုကိုလှိုင်၊ ကိုကို(စက်မှုတက္ကသိုလ်)] |
| ၈း၅၅ - ၂း၅၅ | တက်ညီလက်ညီရပ်တည်နိုင်ပြီတိုင်းဧရာဝတီ |
| ၉း၁၅ - ၃း၁၅ | ပြည်တွင်းသတင်းအကျဉ်း |
| ၉း၂၅ - ၃း၂၅ | အမျိုးသားကန်တော်ကြီးဥယျာဉ် (ပြင်ဦးလွင်မြို့) ၂၀၀၈ ခုနှစ် တတိယအကြိမ် ပန်းပွဲတော် |
| ၉း၄၅ - ၃း၄၅ | တေးဂီတအစီအစဉ် |
| ၉း၅၀ - ၃း၅၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၉း၅၅ - ၃း၅၅ | Shopping Guide (CHINA TOWN POINT CENTER) |
| ၁၀း၂၀ - ၄း၂၀ | မိုးလေဝသခန့်မှန်းချက် |
| ၁၀း၂၅ - ၄း၂၅ | ပိုလီယိုရောဂါကာကွယ်ရေး (ဒေါက်တာခင်မောင်လွင်၊ ဒေါက်တာသန်းထွန်းအောင်) |
| ၁၀း၅၅ - ၄း၅၅ | တေးဂီတအစီအစဉ် |
| ၁၁း၀၀ - ၅း၀၀ | ပြည်တွင်းသတင်းအကျဉ်း |
| ၁၁း၁၀ - ၅း၁၀ | အနုပညာရပ်ဝန်းမှရင်ခုန်သံများ "စက္ကူငှက်" |
| ၁၁း၃၀ - ၅း၃၀ | နိုင်ငံတကာသတင်းအကျဉ်း |
| ၁၁း၄၀ - ၅း၄၀ | စားချင်စဖွယ်နည်းအသွယ်သွယ် (ကော်ကြော်ပြုလုပ်နည်း) |
| ၁၁း၅၀ - ၅း၅၀ | ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာချစ်တဲ့ကာလပေါ်တေးအရသာ (စန္ဒရားတင်ဝင်းလှိုင်၊ အေဝမ်းတင်တင်လှ) |
| ၁၂း၁၀ - ၆း၁၀ | International Video Topics [ဒူဘိုင်းမှအိုအေစစ်(သို့)ကမ္ဘာ့အမြင့်ဆုံးဟိုတယ်] |
| ၁၂း၄၅ - ၆း၄၅ | လှပတင့်တယ်ကယားရိုးရာရက်ကန်းအထည် |
| ၁၂း၅၅ - ၆း၅၅ | တေးဂီတအစီအစဉ် |
| ၁း၀၀ - ၇း၀၀ | MRTV-4 အပိတ် Logo |

**MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

### EnglishPremier League ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၇း၅၅ | West Brom-Man City | ESPN(Live) |
| ၉း၂၅ | Newcastle - Spur | STAR SPORTS(Live) |
| ၁၀း၂၅ | Arsenal - Liverpool | ESPN(Live) |

### Toyota Cup ဘောလုံးပွဲစဉ်များ

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | Pachuca - Gamba Osaka | ESPN(Live) |
| ၅း၃၀ | LDU Quito - Man U | ESPN(Live) |

### Suzuki Cup ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၆း၃၀ | Singapore - Vietnam | STAR SPORTS(Live) |

### Series A ဘောလုံးပွဲစဉ်

| ညပိုင်း | ပွဲစဉ် | ပြသမည့်လိုင်း |
|---|---|---|
| ၂း၀၀ | AC Milan - Udinese | 5-Cartoons(Live) |





ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မော်ဘီမြို့နယ်ရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဗဟိုမျိုးသန့်ခြံ၌ ဆင်းနွယ်ရင် မျိုးစပါးဖြင့် စနစ်တကျ တိုက်ရိုက်အစေ့ချ အတန်းလိုက် စမ်းသပ်စိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

# ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ

## တပ်မတော်စိုက်ပျိုးရေးသင်တန်းအမှတ်စဉ်(၆၂)ဆင်းပွဲသို့ တက်ရောက် အမှာစကားပြောကြား

## မော်ဘီမြို့နယ်အတွင်းရှိ လျှပ်စစ်ရေတင်လုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၂၀

**ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ယမန်နေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ်ရှိ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ မြန်မာ့ဆန်စပါးသုတေသနဌာန ဗဟိုမျိုးသန့်ခြံသို့ သွားရောက်ပြီး ဆင်းနွယ်ရင်မျိုးစပါးဖြင့် စနစ်တကျ တိုက်ရိုက်အစေ့ချ အတန်းလိုက် စမ်းသပ်စိုက်ပျိုးနေမှု၊ လယ်ယာ(၁၆)ဖြင့် ထွန်ယက်နေမှု၊ ဆင်းနွယ်ရင်စပါးမျိုး နမူနာနှင့် ပေါင်းသတ်ဆေးနမူနာများ ပြသထားမှုတို့ကိုလည်းကောင်း၊ မြန်မာ့ဆန်စပါးသုတေသနဌာန၌ ခင်းကျင်းပြသထားသည့် ပဲခူးတိုင်း၊ ဧရာဝတီတိုင်းနှင့် စစ်ကိုင်းတိုင်းအတွင်း စိုက်ပျိုးသော မျိုးနမူနာများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။**

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် မြန်မာ့ဆန်စပါးသုတေသနဌာနခန်းမဆောင်၌ ကျင်းပသည့် တပ်မတော်စိုက်ပျိုးရေးသင်တန်း အမှတ်စဉ်(၆၂) ဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီး သင်တန်းထူးချွန်ဆုရရှိကြသူများအား ဆုများကို ပေးအပ်ချီးမြှင့်၍ သင်တန်းသားခေါင်းဆောင်အား သင်တန်းဆင်းလက်မှတ်များကို ပေးအပ်သည်။

### လျှပ်စစ်ရေတင်စီမံကိန်း

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များသည် မော်ဘီမြို့နယ် မြောင်းတကာကျေးရွာအနီးရှိ ရေအရင်းအမြစ်အသုံးချရေး ဦးစီးဌာနက တည်ဆောက်ထားသည့် မြောင်းတကာလျှပ်စစ်ရေတင်စီမံကိန်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ ရန်ကုန်တိုင်း ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှူး ဦးငွေလွင်က မြောင်းတကာလျှပ်စစ်ရေတင်စီမံကိန်း တည်ဆောက်ထားမှုနှင့် စိုက်ပျိုးရေပေးဝေနိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေက လိုအပ်သည်များကို မှာကြား၍ လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **စာမျက်နှာ ၉ ကော်လံ ၁ သို့** ✳

### စပါးသီးနှံ အလေအလွင့်မရှိစေရေး နှိုးဆော်ချက်

၁။ စပါးအလေအလွင့်မရှိစေရန် မောင်းညိုချိန်တွင် ရိတ်သိမ်းပါ။
၂။ ရိတ်သိမ်းပြီးကောက်လှိုင်းများကို တလင်းပျောက်စနစ် ကျင့်သုံး၍ ချက်ချင်းခြွေလှေ့ပါ။ ဖြစ်နိုင်ပါက စက်ဖြင့် ရိတ်သိမ်းခြွေလှေ့ပါ။
၃။ ခြွေလှေ့ပြီးစပါးများကို နေလှန်း၍ အမိုးအကာအောက် အမြန်ရောက်ရှိအောင် ဆောင်ရွက်ပါ။
၄။ ရိတ်-ခြွေ-သိမ်းလုပ်ငန်းများကို ဆက်တိုက်မဆောင်ရွက်ပါက တစ်ကေလျှင် အနည်းဆုံး စပါးသုံးတင်း လေလွင့်ဆုံးရှုံးနိုင်သည်။ တစ်နိုင်ငံလုံးရှိ မိုးစပါးစိုက်ကေ ၁၇ သန်းမှ စပါးတင်းသန်းပေါင်း ၅၁ သန်း လေလွင့်ဆုံးရှုံးနိုင်သည်။ ၎င်းလေလွင့်စပါး ပမာဏသည် လူဦးရေ ၃ ဒသမ ၄ သန်း တစ်နှစ်စာ စားသုံးနိုင်သည်။ ၎င်းအပြင် ထွက်ရှိလာသောဆန်များ ဆန်အရည်အသွေး ညံ့ဖျင်းခြင်း၊ ဆန်အကျိုးအကြေများခြင်းများလည်း ဖြစ်ပေါ်စေပါသည်။
၅။ သို့ပါ၍ ရိတ်-ခြွေ-သိမ်း လုပ်ငန်းစဉ်များအတိုင်း လိုက်နာကြပါရန် ထပ်လောင်းအသိပေး နှိုးဆော်အပ်ပါသည်။

**လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# တိုက်ကြီးမြို့နယ်မှ ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး စိုက်ခင်းမြင်ကွင်းများ

**သတင်းဆောင်းပါးနှင့် ဓာတ်ပုံ - ခင်မောင်သန်း(စက်မှု)**



နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့်အညီ ပဲခူးရိုးမတွင် သစ်တော သစ်ပင်များ စိမ်းလန်းစိုပြည်စေရန် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးစီမံကိန်း ချမှတ်ဆောင်ရွက်လျက်ရှိရာတွင် ပဲခူးရိုးမနှင့် နီးကပ်နေသော ခရိုင်နှင့် မြို့နယ်များတွင် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာနက ၂၀၀၄-၂၀၀၅ ခုနှစ် ဘဏ္ဍာရေးနှစ်မှ ၂၀၀၈- ၂၀၀၉ ခုနှစ် ဘဏ္ဍာရေးနှစ်အထိ သစ်တောစိုက်ခင်းများ ပြန်လည်ပြုစု တည်ထောင်ခြင်း၊ သဘာဝတောများ ထိန်းသိမ်းခြင်း၊ သဘာဝတော တန်ဖိုးမြှင့်ခြင်း၊ ဓမ္မတာမျိုးဆက်ခြင်း၊ ရေဝေရေလဲ စိုက်ခင်းများ တည်ထောင်ခြင်း စသည့်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာ၌ ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာနလက်အောက်ရှိ တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာခဲ့ရာ ရှေးဦးစွာ ရန်ကုန်မြောက်ပိုင်းခရိုင် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းဦးနှင့် တွေ့ဆုံပြီး တိုက်ကြီးမြို့နယ်သို့ သွားရောက်လေ့လာခဲ့သည်။

တိုက်ကြီးမြို့နယ် ဦးစီးအရာရှိ ဦးသန်းဝင်းက တိုက်ကြီးမြို့နယ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ပဏာမ ရှင်းလင်းပြသခဲ့ပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့** ❁

**၂၀၀၆-၂၀၀၇ ခုနှစ် ပဲခူးရိုးမ စိမ်းလန်းစိုပြည်ရေး တိုက်ကြီးမြို့နယ် သစ်တောဦးစီးဌာနမှ ဥက္ကံကြိုးဝိုင်းအမှတ် (၅၉) စိုက်ခင်း ၆၂၅ ဧကတွင် ကျွန်းပင်များ ကြီးထွားရှင်သန်မှုမြင်ကွင်းကို တွေ့ရစဉ်။**